# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်ခဲ့သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြား

## ကျောင်းသား၊ ဆရာမိဘ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအားလုံး အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ ပညာရေးကောင်းမွန်နိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁



**ယနေ့** *မာတိကာ*

**ရန်ကုန်မြို့အနီးရှိ သဘာဝအလှတရားကို ခံစားနိုင်သော လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများအနေဖြင့် Standup Paddleboarding (SUP) စီးနင်းသူ များပြားလာ** ပြည်တွင်းသတင်း စာ ၇

**ထိုင်းနှင့်တရုတ် နိုင်ငံတို့အကြား အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ပြုရန် သဘောတူ** နိုင်ငံတကာသတင်း စာ ၁၃



**သမ / ကျေးလက် ရင်သွေးငယ်များ၏ နေပြည်တော်လေ့လာရေးခရီးစဉ်** ဆောင်းပါး စာ ၁၆

မြန်မာ့အလင်း

## ကျောင်းသား ကျောင်းသူ ရင်သွေးငယ်များ လုံခြုံအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေး

မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေ အချိုးအစားများပြားခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိထားသည် ဟုပင် တင်စားထားသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်းအနက် ထက်ဝက်ခန့်သာလျှင် အလယ်တန်းအဆင့် ပညာတတ်မြောက်မှုအဆင့်၌သာ ရှိနေသည်။

နိုင်ငံတည်ဆောက်ရေးအတွက် လူသားအရင်းအမြစ် တန်ဖိုးမြင့်မားရန် လိုအပ်သော်လည်း အကြမ်းဖက်အဖျက်အုပ်စုတို့က နိုင်ငံ၏ ပညာရေးကဏ္ဍ ထိခိုက်ပျက်စီးစေရန် အဖျက်အမှောင့်နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။ ကယားပြည်နယ်လွိုင်ကော်တက္ကသိုလ်ကို တိုက်ခိုက်ပြီး ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိသားစုဝင်များကို ဖမ်းဆီးခေါ်ဆောင်မှု၊ အပြစ်မဲ့ပညာရေးဝန်ထမ်းအချို့ သတ်ဖြတ်ခံရမှုတို့မှာ ထင်ရှားသည်။ လွိုင်ကော်ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်တို့လည်း ပိတ်ခဲ့ရသည်။ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် နိုင်ငံအတွင်းရှိ ဒေသအများအပြားတွင် ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် ကလေးနှင့်လူငယ်ကျောင်းသားအရွယ်များ ပညာသင်ယူမှုအခွင့်အလမ်းတို့ ဆုံးရှုံးခဲ့ကြရသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့ တက္ကသိုလ်များ ပုံမှန်ဖွင့်လှစ်ခဲ့ရာတွင်လည်း နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာတက္ကသိုလ်များဆီသို့ ရောက်မလာနိုင်ခဲ့ကြ။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့ရှိ အချို့မြို့နယ်များတွင် ကျောင်းများမဖွင့်လှစ်နိုင်ခြင်းကြောင့် ၎င်းဒေသများမှ ကျောင်းသား ကျောင်းသူများ ထိခိုက်နစ်နာနေကြရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကားပြောကြားရာတွင် "လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင် အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွ ဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း"ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ "စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင် ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖျက်အမှောင့် လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကို ထိခိုက်နစ်နာအောင် လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း" တိုက်တွန်းပြောကြားခဲ့သည်။

အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများ၊ အဖျက်အမှောင့်လုပ်သူများ၏ အမှောင့်ပယောဂအမျိုးမျိုးတို့ကြောင့် ပြီးခဲ့သည့် စာသင်နှစ်များအတွင်း မြို့ပေါ်စာသင်ကျောင်းများ၌ပင် ကျောင်းအပ်နှံရန်၊ ကျောင်းတက်ရန် ပျက်ကွက်ခဲ့ကြပြီး စာသင်နှစ်များ ဆုံးရှုံးခဲ့ရသည့် ကျောင်းသား ကျောင်းသူများစွာ ရှိသည်။ မပျက်မကွက် ကျောင်းတက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူတို့ အသက်တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာခြင်းနှင့်အတူ ပညာရေးလည်း တစ်တန်းပြီးတစ်တန်း တက်ရောက်နိုင်ခဲ့ကြသည်။ မကြာမီ ရက်သတ္တပတ်အနည်းငယ်အတွင်း အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး၊ ရင်သွေးငယ် ကျောင်းသား ကျောင်းသူများ လုံခြုံအေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် မြို့ရွာဒေသများအလိုက် အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။**

**(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။**

**(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။**

**(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အနာဂတ်နိုင်ငံတော်အတွက် ကလေးငယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းဆရာ/ဆရာမများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ် နှိပ်စက်နေသည့် အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီ တွင် **"အကြမ်းဖက်အဖွဲ့များ၏ ရက်စက်စွာသတ်ဖြတ်မှုများကို ကန့်ကွက်ရှုတ်ချ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## လျှပ်စစ်သုံးမော်တော်ယာဉ် အပိုပစ္စည်းများ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Geely အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်အတွက် အပိုပစ္စည်းများသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား

❝ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီစွာ ကျင့်သုံးသည့်ပုံစံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေပေးထားသည်ကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်၊ ပြီးခဲ့သည့် ဒီမိုကရေစီ အစိုးရသက်တမ်းနှစ်ခုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့အားပေးထားသည့် လုပ်ပိုင်ခွင့်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှုမရှိသည်ကို တွေ့ရှိခဲ့ရ၊ ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် အားမလိုအားမရမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရ ❞

✽ ရှေ့စုံမှ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များနှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်ဆိုသည်မှာ တိုင်းပြည်ကောင်းစေရန်အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အာဏာပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင်ဦးဆောင်သည့် နိုင်ငံရေးပါတီ၊ ထိန်းကြောင်းပေးသည့် လွှတ်တော်များရှိပြီး မူဝါဒများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းတို့သည် အဂ္ဂမဟာဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်စနစ်ကို နိုင်ငံ၏အခြေအနေနှင့်ကိုက်ညီစွာ ကျင့်သုံးသည့်ပုံစံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာများ ခွဲဝေပေးထားသည်ကို ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့ အားပေးထားသည့် လုပ်ပိုင်ခွင့်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှုမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများအနေဖြင့် အားမလိုအားမရမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် အစိုးရတစ်ခုနှင့်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မှုများ မတူညီမှုများရှိသဖြင့် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညီတူညီမျှ တိုးတက်မှုရှိအောင် ဆောင်ရွက်စေခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခြင်းတွင် အဆိုပါအချက်များပါရှိပြီးဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေးစီမံကိန်းတွင် နှစ်အလိုက် ဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဖော်ပြထားကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ပြည်ထောင်စုအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အဓိကကျကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များအပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းရပ်များကိုလည်း ကူညီဆောင်ရွက်ပေးရသည်များရှိကြောင်း၊ ထိုသို့လုပ်ငန်းတာဝန်များ များပြားသဖြင့် အစိုးရအဖွဲ့များ၌ အတွေ့အကြုံရှိသည့် နိုင်ငံ့ဝန်ထမ်းအများစုကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ခန့်အပ်တာဝန်ပေးရာတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ယခင်ကလွဲမှားခဲ့သည့် လုပ်ငန်းရပ်များကို ပြန်လည်တည့်မတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် နိုင်ငံရေးအရ တောင်းဆိုမှုများရှိလာသဖြင့် အခက်အခဲများရှိခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအရ ဆူပူအကြမ်းဖက်မှုများ၊ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှု၊ နိုင်ငံတကာမှ အပြုသဘောမဆောင်သည့် တုံ့ပြန်မှုများမရှိခဲ့ပါက ယခုထက်များစွာ တိုးတက်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များကို မှန်မှန်ကန်ကန်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရ

## ❖ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် အစိုးရတစ်ခုနှင့်တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မှုများ မတူညီမှုများရှိသဖြင့် လိုအပ်ချက်များရှိသည်ကို တွေ့ရှိရသဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် တတ်နိုင်သမျှ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ညီတူညီမျှ တိုးတက်မှုရှိအောင် ဆောင်ရွက်စေခဲ့

အဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း သုံးစွဲရန်လို

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဘတ်ဂျက်များသုံးစွဲရာတွင် အချို့လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးဆုံးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် နိုင်ငံတော်အတွက် နစ်နာမှုများရှိကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိပြီး သင့်တော်သည့်လုပ်ငန်းရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်ရန်လိုကြောင်း။

အလားတူ နိုင်ငံ့စွမ်းပကားမြှင့်တင်ရေးအတွက် ဆောင်ရွက်ရာတွင် ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ပြောင်းလဲနေသည့် ခေတ်မီနည်းပညာများကို အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ခေတ်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ ယခင်အစည်းအဝေးများတွင် ပြောကြားပြီးဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းမှစတင်၍ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် နိုင်ငံ့စီးပွားရေးမှာ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုများလွဲမှားခဲ့မှုများနှင့် ပြည်တွင်းထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးပြဿနာများဖြစ်နေသည့်ကြားမှပင် နိုင်ငံ့စီးပွားရေးမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ အလားတူ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် နိုင်ငံရေးပြဿနာများဖြစ်ပွားမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ စသည့်အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်လည်း ပြီးခဲ့သည့် ဒီဇင်ဘာလအထိ နိုင်ငံ့စီးပွားရေးမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှလွဲ၍ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အပေါင်းလက္ခဏာပြခဲ့ကြောင်း။

### ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရမည်

စီးပွားရေးတိုးတက်သော်လည်း မိမိတို့နိုင်ငံတွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများရှိကြောင်း၊ အဓိကအားဖြင့် ထုတ်လုပ်မှုနှင့် လိုအပ်မှုကွာဟချက်များရှိခြင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်မားခြင်း စသည့်အချက်များကြောင့်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတန်ဖိုးမြင့်တက်လာပါက ထုတ်ကုန်များ၏ တန်ဖိုးမှာလည်း မြင့်တက်လာကြောင်း၊ ကုန်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊ ဝယ်ယူခြင်းများကို ဆောင်ရွက်ရာတွင်လည်း အချို့မှာ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် မညီစွာဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အလားတူ Non Trade income များအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့် ညီညွတ်မှုမရှိစွာ ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိမှုများ နည်းပါးသဖြင့် ငွေလဲလှယ်နှုန်းထားများ မြင့်တက်လာပြီး နိုင်ငံခြားမှတင်သွင်းရသည့် ကုန်ပစ္စည်းများ၏ သွင်းအားစုတန်ဖိုး မြင့်တက်လာခြင်းကြောင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကြီးမြင့်လာခြင်းဖြစ်ကြောင်း။

ပြည်တွင်းစားသုံးမှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းဆုံးနှင့် ထုတ်လုပ်ပြီး အမြတ်အနည်းဆုံးဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်လိုကြောင်း၊ နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် စီးပွားရေးအခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးရန်မှာ မိမိတို့အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း။

စိုက်ပျိုးသည့်သီးနှံများအားလုံး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက ထုတ်ကုန်များတိုးမြှင့်လာပြီး ထုတ်လုပ်သူများအတွက် ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် ဝယ်လိုအားများ မြင့်တက်လာမည်ဖြစ်ကြောင်း၊ စီးပွားရေးသဘောတရားအရ ဝယ်လိုအားမြင့်တက်လာမည်ဆိုပါက ရောင်းလိုအားများလည်း မြင့်တက်လာမည်ဖြစ်သဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝင်ငွေများ တိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်လာမည်ဖြစ်ကြောင်း။

### စိုက်ပျိုးရေးထုတ်လုပ်မှုများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ရန်လို

စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်အထွက်နှုန်းမရရှိခြင်း၊ အထွက်နှုန်းနည်းခြင်းတို့နှင့်ပတ်သက်၍ အဖြေရှာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်သည့် မျိုးကောင်းမွန်မှုရှိစေရေး မျိုးကောင်းမျိုးသန့်ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့် မြေသြဇာများကို ရရှိအောင် ဖန်တီးပေးနိုင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေး ဖန်တီးပေးနိုင်ရမည်၊ စိုက်နည်းစနစ်များမှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထက်ပါအချက်လေးချက်ဖြင့် ပြည့်စုံပါက စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်မည်ဖြစ်ပြီး ယခုထက် ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည်လည်း အလားတူဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊

*စာမျက်နှာ ၄ သို့*

✪ ပြည်တွင်းစားသုံးမှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုကုန်ကျစရိတ်အနည်းဆုံးနှင့် ထုတ်လုပ်ပြီး အမြတ်အနည်းဆုံး ဈေးနှုန်းများဖြင့် ရောင်းချနိုင်ရန်လို၊ နိုင်ငံတွင် ရှိသင့်ရှိထိုက်သည့် စီးပွားရေး အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးရန်မှာ မိမိတို့အစိုးရ၏ တာဝန်ပင်ဖြစ်

■ လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင် အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှတာဝန်ရှိသူများအားလုံး အထူးအလေးထားဆောင်ရွက်သွားကြရမည်၊ လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွ ဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန်လို၊ စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်၊ အဖျက်အမှောင့်လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကို ထိခိုက်နစ်နာအောင် လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ရမည်

*စာမျက်နှာ ၃ မှ*

တိုင်းပြည်ကို ကောင်းစေလိုသည့်စိတ်ဖြင့် မိမိတို့အားပေးအပ်ထားသည့်တာဝန်များနှင့် ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

**ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် စနစ်တကျဖြင့် ဆောင်ရွက်ရန်လို**

ကုန်သွယ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နှစ်စဉ်လိုငွေပြလျက်ရှိပြီး ကုန်ထုတ်လုပ်မှုတွင်လည်း ဒေသတွင်းနိုင်ငံများထက် အားနည်းလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာ ရရှိမည်ဆိုပါက ပို့ကုန်ပစ္စည်းများ တိုးတက်လာမည်ဖြစ်ပြီး ဥပမာအားဖြင့် ဆန်စပါးတစ်ခုတည်းကိုပင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း များစွာတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအောင်မြင်မှုရရှိရေး၊ အထွက်နှုန်းများ တိုးတက်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုများရရှိမှု အားနည်းလျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် တိုက်ရိုက်သက်ဆိုင်နေသည့် ဝန်ကြီးဌာနများ၊ တာဝန်ရှိသူများအနေဖြင့် အလေးထား အားထည့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိအနေဖြင့် မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူရောင်းချခြင်းကို အားမပေးသော်လည်း ပြန်လည်ပြည့်ဖြိုးနိုင်သည့်၊ ဖြည့်တင်းနိုင်သည့် ကိစ္စရပ်များကို နိုင်ငံတော်၏လိုအပ်ချက်အရ ခွင့်ပြုပေးထားကြောင်း၊ သစ်တောသယံဇာတများ ထုတ်ယူ၍ လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်သည်ဖြစ်သော်လည်း ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ စဉ်ဆက်မပြတ်သည့် သယံဇာတနှင့် သဘာဝကို ပျက်စီးမှုမရရှိအောင် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျဆောင်ရွက်ရန်လို**

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍လည်း အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများရှိပြီး လုံခြုံရေးနှင့် ပတ်သက်ပါက တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်စေလိုကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်းဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိစေရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့အစိုးရသည် နိုင်ငံရေးကင်းရှင်းသည့်အစိုးရဖြစ်ပြီး နိုင်ငံရေးအစိုးရမဟုတ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း နိုင်ငံ့ဝန်ထမ်းများကိုသာ အဆင့်အလိုက် တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးတွင် မှန်မှန်ကန်ကန်ဖြစ်ရမည်ဖြစ်ပြီး ဘက်လိုက်မှုမရှိဘဲ စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဖြစ်ရမည်ဖြစ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းများအတွက် ချီးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့အစိုးရအနေဖြင့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထား မတိုးမြှင့်ပေးနိုင်ခဲ့သော်လည်း အခြားထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဓိကမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းပေးနိုင်ရန်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် ကုန်ဈေးနှုန်း ကျဆင်းရေးကို ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအတွက်လည်း ပင်စင်ခံစားခွင့်နှုန်းထားများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ ချီးမြှင့်မှုများတွင် ပညာရပ်ပိုင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာစသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိသကဲ့သို့ နေထိုင်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျဖြင့် အဆင်ပြေချောမွေ့မှုရှိစေရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**မကြာမီကျင်းပမည့် အခြေခံပညာကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို**

ပညာရေးနှင့်ဆက်စပ်၍ တစ်နိုင်ငံလုံးတွင်ရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များအားလုံး ဖွင့်လှစ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသော်လည်း အချို့သောနယ်မြေများ၌ နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိကြောင်း၊ ဥပမာအားဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်တို့ရှိ အချို့သောမြို့နယ်များ၌ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း၊ မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ အားလုံးတတ်နိုင်သမျှ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပေးထားသော်လည်း အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်သူများကြောင့် မဖွင့်လှစ်နိုင်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် များစွာထိခိုက်နစ်နာရလျက်ရှိကြောင်း၊ လာမည့် ဖေဖော်ဝါရီလ၊ မတ်လတို့တွင် အခြေခံပညာစာမေးပွဲများ ကျင်းပတော့မည်ဖြစ်ပြီး အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး အထူးအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ရွာအကျိုးလိုလားသူများအားလုံး အတူတကွဝိုင်းဝန်းပေါင်းစပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်နှစ်တစ်နှစ် နစ်နာခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တိုင်းပြည်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်သည့်အတွက် နစ်နာမှုမရှိရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဖျက်အမှောင့်လုပ်ဆောင်နေသူများအနေဖြင့် ကိုယ်ချင်းစာတရားကင်းမဲ့စွာ၊ အသိဉာဏ်ခေါင်းပါးစွာဖြင့် ပညာရေးကို ထိခိုက်နစ်နာအောင် လုပ်ဆောင်လျက်ရှိသော်လည်း မိမိတို့အနေဖြင့် ဝိုင်းဝန်းပူးပေါင်းညီညွတ်သည့်အားဖြင့် ပညာရေးကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိအရေးကြီးသည်မှာ အခြေခံပညာကျောင်းစာမေးပွဲများအားလုံး အောင်မြင်စွာပြီးမြောက်စေရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား၊ ဆရာ၊ မိဘများအားလုံး အင်ပြည့်အားပြည့်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှတင်သွင်းရသည့် သွင်းကုန်များတွင် ဘိလပ်မြေသည်လည်း တင်သွင်းရသည့် သွင်းကုန်တစ်ခုဖြစ်ကြောင်း၊ ပြည်တွင်း၌ အဆင့်မြင့်ဘိလပ်မြေကို ထုတ်လုပ်နိုင်မှုမရှိသော်လည်း အခြေခံဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ဘိလပ်မြေများကို လုံလောက်စွာထုတ်လုပ်နိုင်ကြောင်း၊ နိုင်ငံအတွင်းရှိ ဘိလပ်မြေစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေး လိုအပ်သည့်သွင်းအားစုများ ရရှိအောင် အဓိကသက်ဆိုင်သည့် စက်မှုဝန်ကြီးဌာန၏ ကြိုးစားဆောင်ရွက်မှု၊ နီးနွယ်ဝန်ကြီးဌာနများ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘိလပ်မြေကို မိမိတို့ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ထို့အတူ သံနှင့်သံမဏိသည်လည်း တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် ပစ္စည်းဖြစ်ကြောင်း၊ အဆိုပါသံမဏိများကိုလည်း နှစ်စဉ်ပြည်ပမှ တင်သွင်းနေရကြောင်း၊ သံနှင့်သံမဏိကို ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း ထုတ်လုပ်နိုင်မှုမရှိသေးသဖြင့် သံမဏိစက်ရုံများ လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း သံနှင့် သံမဏိလုပ်ငန်းများတွင် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပါဝင်စားစွာ ရင်းနှီးမြှုပ်နှံလာအောင် စည်းရုံးဆောင်ရွက်သွားရန် လိုကြောင်း။

လျှပ်စစ်နှင့်ပတ်သက်၍ နိုင်ငံတော်က ဆောင်ရွက်နေသည့် စီမံကိန်းကြီးများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားလျှပ်စစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **မိမိအနေဖြင့် မြေပေါ်မြေအောက် သယံဇာတများထုတ်ယူရောင်းချခြင်းကို အားမပေးသော်လည်း ပြန်လည်ပြည့်ဖြိုးနိုင်သည့်၊ ဖြည့်တင်းနိုင်သည့် ကိစ္စရပ်များကို နိုင်ငံတော်၏လိုအပ်ချက်အရ ခွင့်ပြုပေးထား**

❑ **သစ်တောသယံဇာတများ ထုတ်ယူ၍ လိုအပ်သည့်နေရာများတွင် သုံးစွဲနိုင်သည်ဖြစ်သော်လည်း ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ စဉ်ဆက်မပြတ်သည့် သယံဇာတနှင့် သဘာဝကို ပျက်စီးမှုမရရှိအောင် စနစ်တကျ ဆောင်ရွက်ရမည်**

**“ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍လည်း အားနည်းချက်များရှိနေဆဲဖြစ်၊ တရားဥပဒေစိုးမိုးရေးတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများရှိပြီး လုံခြုံရေးနှင့် ပတ်သက်ပါက တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရှိ၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အတွက် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံ့အကျိုးအတွက် တာဝန်ထမ်းဆောင်ခြင်းဖြစ်စေလို၊ ထို့ကြောင့် တာဝန်ထမ်းဆောင်ရာတွင် အုပ်ချုပ်မှုအားနည်းဖြစ်စဉ်များ၊ လုံခြုံရေးအားနည်းဖြစ်စဉ်များ ဖြစ်ပေါ်မှုမရှိစေရေး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ကြရန် ”**

# နေပြည်တော်အတွင်း ခရီးသွားများလည်ပတ်ရာ ခရီးစဉ် ၃၈ နေရာဖော်ထုတ်ပြီး လာရောက်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ပြည်တွင်း/ပြည်ပမှ ခရီးသွားများ လာရောက်လည်ပတ်ပြီး ဒေသတွင်း လူမှုစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ကမ္ဘာလှည့်ခရီးသွားများ ကွပ်ကဲရေးရဲတပ်ဖွဲ့၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်အတွင်း ယခင်ခရီးသွားများ လည်ပတ်ရာ ခရီးစဉ်ဒေသ ၃၄ ခုရှိရာမှ ခရီးစဉ်ဒေသ အသစ်လေးခုထပ်မံဖော်ထုတ်နိုင်ခဲ့သည့်အတွက် ယခုခရီးစဉ်ဒေသ ၃၈ နေရာဖော်ထုတ်ပြီး လာရောက်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ခရီးစဉ်နေရာများတွင် သန့်ရှင်းသာယာလှပရေး၊ ခရီးသွားများကို ဆွဲဆောင်မှုရှိစေရေး၊ ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိစေရေးတို့ကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍများအတွက် လိုအပ်သော သင်တန်းများကို စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း ပြည်တွင်း /ပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက်လာစေရေးအတွက် အားလုံးက စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၉

**အဂတိလိုက်စားမှုနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲမှူးကြီးများ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး၊ ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲများမှ အရာထမ်းများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှုများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှု ကိစ္စရပ်များကို ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ယနေ့အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ငွေကြေးခဝါချမှု (Money Laundering – ML) ဆိုသည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေး၊ ပစ္စည်းနှင့် အကျိုးအမြတ်များ (Proceed of Crime–POC/ ငွေမဲများ) ကို ဥပဒေနှင့်အညီ အရေးယူခံရခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် တရားဝင်ငွေဖြူအဖြစ် ထင်မှတ်စေရန်အတွက် ငွေမည်းများ၏ မူလဇာစ်မြစ်၊ ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပုံသဏ္ဌာန်တို့ကို ဖုံးကွယ်ရန် (Concealing) သို့မဟုတ် အသွင်ပြောင်းလဲရန် (Disguising) ရည်ရွယ်၍ ပြောင်းလဲခြင်း (Conversion) သို့မဟုတ် လွှဲပြောင်းခြင်း (Transfer) ကို ဆိုလိုခြင်းဖြစ်ပါကြောင်း။

ငွေကြေး ခဝါချမှုသည် တိုက်ရိုက်ကျူးလွန်၍ မရဘဲ မူလပြစ်မှုတစ်ခုခုကို ကျူးလွန်ခဲ့ပြီး ရရှိလာသည့် ငွေကြေးနှင့်ပစ္စည်းများကို ခဝါချ ခြင်းဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအနေဖြင့် မူလပြစ်မှုဖြင့် ဖမ်းဆီးအရေးယူသည့်အခါ ငွေကြေးခဝါချမှု ကျူးလွန်ထားခြင်း ရှိ /မရှိကို စိစစ်ရန် လိုအပ်သည့်အတွက် Financial Investigation ကိုပါပြုလုပ်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး ပေါ်ပေါက်ပါက ငွေကြေးခဝါချမှု ရှိ/မရှိ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း Financial Investigation ကိုပါ Parallel financial Investigation အဖြစ် တစ်ပါတည်းဆောင်ရွက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှုကို စုံစမ်းစစ်ဆေးသည့်အခါ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း (Financial Investigation) ကို တစ်ပြိုင်တည်း တိုးမြှင့်လုပ်ဆောင်ရန် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း။

ငွေကြေး ခဝါချမှုကြောင့် ဆုံးရှုံးရသည့် ငွေကြေးပမာဏထက် နောက်ဆက်တွဲအနေဖြင့် ဆိုးကျိုးပမာဏကို ပို၍ကြီးမားစေပါကြောင်း၊ မျက်မှောက်ကာလတွင် နည်းပညာပြောင်းလဲတိုးတက်လာသည်နှင့်အမျှ မှုခင်းဖြစ်ရပ်များလည်း ပိုမိုရှုပ်ထွေးနက်နဲလာပြီး ခက်ခဲသည့် ဖြေရှင်းမှုများကိုဆောင်ရွက်နေရကြောင်း၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရသည့် ဝန်ထမ်းများကိုလည်း လိုအပ်သည့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

အလုပ်ရုံ ဆွေးနွေးပွဲတွင် ဝန်ထမ်းများကို ငွေကြေးခဝါချမှုနှင့်စပ်လျဉ်း၍ ပိုမိုသိရှိနားလည်စေရန် ဝန်ကြီးဌာနအသီးသီးမှ ပညာရှင်များက လာရောက်ပို့ချသည့်အတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းနောက် FIU အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် မျိုးသူစိုးက UNCAC ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာ၌ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဆောင်ရွက်ခြင်းသည် လည်း အရေးပါကြောင်း၊ FIU နှင့် ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယရဲမှူးကြီး မြင့်စိုးက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရေးအဖွဲ့ (Financial Action Task Force – FATF) အကြံပြုချက်(၄၀)နှင့် မြန်မာနိုင်ငံက AML/ CFT ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်မှု နည်းပညာပိုင်းဆိုင်ရာလိုက်နာမှုနှင့် အကျိုးသက်ရောက်မှု စံနှုန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယရဲမှူး ဝင်းနိုင်ထွန်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်နေမှုများ၊ ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က အဂတိလိုက်စားမှုနှင့် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများ အပြိုင်စစ်ဆေးခြင်း (Parallel Investigation) တို့နှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးချက်များမှ ရရှိလာသည့် ရလဒ်များနှင့် recommendations အပေါ် သုံးသပ်ဆွေးနွေးခဲ့ကာ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာ၌ ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Biometric များ ကွင်းဆင်းဆောင်ရွက်



**ခရမ်း ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းနှင့်အတူ ဝန်ထမ်းများ၊ ကင်မွန်းခြံကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့ နံနက်ပိုင်းက ပန်းခင်းစီမံချက် (၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric များ ပြုလုပ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။(ဓာတ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်းက ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် (အသစ်/လဲလှယ်) ခြင်းများ ပြုလုပ်ပေးရာတွင် သိသင့်သိထိုက်သည့်အချက်များနှင့် ဌာနမှ Biometric လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ပြုလုပ်ပြီးစီးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမောင်မောင်သန်းတို့က ပြည်သူများလက်ဝယ်အရောက် ပေးအပ်သည်။

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကင်မွန်းခြံကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူ ၁၈၁ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric များကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများအပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မုံရွာ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ရငွေရရှိမှသာ သုံးစွဲငွေများအား သုံးစွဲနိုင်မည်ဖြစ်သဖြင့် အခွန်ငွေများ တိုးတက်ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့လည်း အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် လိုအပ်ပါကြောင်း။

တိုးမြှင့်လာသည့် လျာထားချက်များ ပြည့်မီစွာကောက်ခံရရှိနိုင်ရန်အတွက် ဆောင်ရွက်ရာတွင်လည်း နယ်မြေဒေသလုံခြုံရေး အခြေအနေအရ အခွန်ပညာပေးဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ မိတ်ဖက်ဌာနဆိုင်ရာ အချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ အခွန်ပေးဆောင်မှု လွယ်ကူအဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခြင်းများကို ဝန်ဆောင်မှု ဆောင်ရွက်ပေးမှသာ ပြည်သူအများစုမှ ဥပဒေနှင့်အညီ ကြည်ဖြူစွာ အခွန်များ ပေးဆောင်လာကြမည်ဖြစ်ပါကြောင်း၊ အခွန်ငွေများ ကောက်ခံရာတွင် အခက်အခဲများရှိမည်ဖြစ်သော်လည်း ဌာနအဖွဲ့အစည်းများ အားလုံးအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ကောက်ခံရန် သတ်မှတ်ပေးထားသည့် လျာထားချက်များကို ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရန်၊ ရသင့်ရထိုက်သောအခွန်ငွေများအား တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုရယူသူများအနေဖြင့် အခွန်အခလွတ်ကင်းလျော့နည်းမှုမရှိဘဲ ပြည့်ပြည့်ဝဝကောက်ခံရရှိနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မိမိတို့ဌာနများအလိုက် ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ရသင့်ရထိုက်သည့် အခွန်အခများနှင့်ချေးငွေများ အပြည့်အဝ ကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်များ၏ ရသင့်ရထိုက်သည့်အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်အခများနှင့် ချေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဖိတ်ခေါ်စက်ဘီးပြိုင်ပွဲ သန်လျင်၌ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၉**

(၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သန်လျင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့် RES Bike Group တို့ပူးပေါင်း၍ ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်တွင် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာ တိုးဂိတ်ထိပ်မှ စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ အငယ်တန်းစက်ဘီးအားကစားသမား ၇၀ နှင့် အကြီးတန်းစက်ဘီးအားကစားသမား ၁၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများသည် တိုးဂိတ်မှ သီလဝါလမ်းဆုံအထိ အသွားအပြန်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများနှင့် အသက်အကြီးဆုံးအားကစားဆုရရှိသူတို့အား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်(၂)ဦးဆန်းဝင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးလင်းလင်းထွန်းနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **သန်းဝင်း(သန်လျင်)**



တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် စက်ရုံ၊ အလုပ်ရုံများ၊ ဓာတ်ဆီဆိုင်များနှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးလျက်ရှိရာ ဇန်နဝါရီ ၂၉ ရက်က ပဲကြော်လုပ်ငန်းအလုပ်ရုံ၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကာကွယ်ရေးဆောင်ရွက်ထားမှု ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## သိပ္ပံနှင့်နှင့်နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၉**

သိပ္ပံနှင့်နှင့်နည်းပညာဝန်ကြီးဌာနအဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၁၃ ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ ခုနစ်ဦး စုစုပေါင်း ၁၂၀တို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် စိန်ရတုပြတိုက်တို့ကို ကြည့်ရှုလေ့လာကြသည်။



ရှေးဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက ''MRTV နှင့် ကောင်းသောနေ့'' တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေကြပြီး ''နိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏ အခန်းကဏ္ဍ'' Video Clip ကို ပြသသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်ပြောကြားပြီး မြန်မာ့ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ဝန်ထမ်းအဆိုရှင်များကလည်းကောင်း၊ လေ့လာရေးအဖွဲ့မှ ဆရာ တစ်ဦးနှင့် ကျောင်းသား ကျောင်းသူ လေးဦးတို့ကလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် လေ့လာရေးအဖွဲ့တို့ပူးပေါင်း၍ ''တောင်ယာဝင်ချိန်နှင့် မနောမြေမှ တေးသံသာ '' တေးသီချင်းများဖြင့် စုပေါင်း၍လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ News Channel Studio နှင့် Farmers' Channel Studio တို့တွင် သတင်းရိုက်ကူး ထုတ်လွှင့်နေမှုတို့ကို ကြည့်ရှုလေ့လာကြပြီးနောက် **(အပေါ်ပုံ)** လေ့လာရေးအဖွဲ့အား Office Canteen တွင် လက်ဖက်ရည်နှင့် မုန့်များဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း၌ ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ လေ့လာရေးအဖွဲ့များ၏ မှတ်သားဖွယ်ရာအဖြေလွှာများ၌ ဖြည့်စွက်မှုများအပေါ် စိစစ်၍ အမှတ်တရပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ နည်းပညာတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများသည် စိန်ရတုပြတိုက်ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ပြန်လည်ထွက်ခွာသွားကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။**

# ရန်ကုန်မြို့အနီးရှိ သဘာဝအလှတရားကိုခံစားနိုင်သော လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများအနေဖြင့် Standup Paddleboarding (SUP) စီးနင်းသူ များပြားလာ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့အနီးရှိ သဘာဝအလှတရားကိုခံစားနိုင်သော လှော်ကားဥယျာဉ်သို့ လာရောက်လည်ပတ်သူများအနေဖြင့် Standup Paddleboarding (SUP) စီးနင်းသူများပြားလာကြောင်း အဆိုပါဥယျာဉ်၏ တာဝန်ရှိသူတစ်ဦးထံ မေးမြန်းချက်အရ သိရသည်။

လှော်ကား ဥယျာဉ်တွင် သစ်တောသစ်ပင်များ၏ သဘာဝအလှနှင့်အတူ အေးချမ်းသာယာမှုကို ခံစားနိုင်မည်ဖြစ်ပြီး Standup Paddleboarding (SUP)စီးနင်းကာ အပန်းဖြေသူများ ယခင်ထက်များပြားလာခြင်းဖြစ်ကြောင်း သိရသည်။


လှော်ကားဥယျာဉ် အတွင်း Standup Paddleboarding (SUP)ကို တစ်ဦးလျှင် ၁၈၅၀၀ ကျပ်ဖြင့် ပိတ်ရက်မရှိ နေ့စဉ် လာရောက်စီးနိုင်ပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် လာရောက်စီးနင်းသူဦးရေ များပြားကြောင်း သိရသည်။

"Standup Paddleboarding (SUP) မတ်တတ်ရပ်လှေလှော်တာ နေ့တိုင်းစီးလို့ရပါတယ်။ ပိတ်ရက်မရှိပါဘူး။ ဘေးနားမှာ Guide လည်း ပါမယ်။ ကိုယ်က အဲဒီလှေကို မလှော်ခင်မှာလည်း သူတို့က ဘယ်လိုလှော်ရမလဲဆိုတာ သင်ပြပေးပါတယ်။ စီးတဲ့သူဦးရေကတော့ များတယ်။ စနေ၊ တနင်္ဂနွေနေ့ဆိုလည်း စီးတဲ့သူ တော်တော်များတယ်။ ကြားပိတ်ရက်တွေကတော့ စီးတဲ့သူအရေအတွက် အသင့်အတင့်ပဲရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

Standup Paddleboarding (SUP) သည် ရေလွှာလျှောစီးခြင်း (Surfing) မှ အစပြုလာသော Water Sport တစ်မျိုးဖြစ်ပြီး SUP စီးနင်းရာတွင် SUP rider များသည် Board ပေါ်တွင် မတ်တတ်ရပ်ပြီး Paddle ကို အသုံးပြုစီးနင်းကြကာ ဟာဝိုင်ယီကျွန်းစုများမှ စတင်ပေါ်ပေါက်လာသော Water Sport Activity တစ်ခုဖြစ်သည့်အပြင် Paddleboarding နဲ့ Yoga practice ပေါင်းစပ်ပြီး SUP Yoga လေ့ကျင့်ကြသူများလည်း ရှိသည်ဟု သိရသည်။

ယခုမှ စတင်စီးနင်းမည့်သူများအတွက်လည်း လှော်ကားဥယျာဉ်မှ ကျွမ်းကျင်သည့် Trainers များက အနီးကပ်သင်ပြပေးသွားမည်ဖြစ်၍ အတွေ့အကြုံလုံးဝမရှိသည့် Beginners များပါ ပျော်ပျော်ရွှင်ရွှင် စီးနင်းနိုင်ကြောင်း လှော်ကားဥယျာဉ်မှ သိရသည်။

**MT**




# စစ်ကိုင်းတက္ကသိုလ်၌ ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတက္ကသိုလ်တွင် ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် စစ်ကိုင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာစိုးမြင့်အေးက မောင်တို့ မယ်တို့ဟာ ပထမနှစ်သင်တန်းကတည်းက အမိတက္ကသိုလ်အတွက် အစဉ်အလာကောင်းများနှင့် ပတ်သက်သည့် လှုပ်ရှားမှုအသီးသီးကို စတင်ဆောင်ရွက် အခြေတည်ပေးခဲ့ကြသည့် သားကောင်း / သမီးကောင်းများကဲ့သို့ ပြုမူကျင့်ကြံနေထိုင် သင်ကြားခဲ့ကြသည့်အတွက် အမိတက္ကသိုလ်ကြီးက အစဉ်မှတ်မှတ်သားသား ရှိနေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝ ခရီးလမ်း စတင်လျှောက်ကြသည့်အခါ နိုင်ငံတော်ကို အကျိုးပြုသည့် အောင်မြင်မှုအခွင့်အလမ်းများ ရရှိနိုင်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြပါ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ချစ်သည့်စိတ်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်များနှင့် ဒေသအကျိုး နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ပဉ္စမအကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင်နေ့သင်တန်းကိုအပိုင်းနှစ်ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၃၂၀၊ အဝေးရောက်ဘွဲ့ ၅၂ ဦး၊ အဝေးသင် သင်တန်းကို အပိုင်းလေးပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၅၉၇ ဦး၊ အဝေးရောက်ဘွဲ့ ၅၃ ဦး စုစုပေါင်း ၁၀၂၂ ဦး ဘွဲ့အပ်နှင်းပေးခဲ့ပြီး စစ်ကိုင်းတက္ကသိုလ် အနေဖြင့် ယနေ့အထိ ဝိဇ္ဇာ/ သိပ္ပံဘွဲ့ ၄၁၅၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# သာစည်မြို့နယ် အခြေခံပညာကျောင်းများသို့ ရေသန့်စက်များလှူဒါန်း

**သာစည် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်း အထကနှင့် ကန်စွယ် အမကတို့အတွက် ရန်ကုန်မြို့နေ ဦးလှဝင်း MK Company Limited မှ လှူဒါန်းသော ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက်က အဆိုပါကျောင်းများ၌ ပြုလုပ်သည်။

ရှေးဦးစွာ ညောင်ရမ်း အခြေခံပညာ အထက်တန်းကျောင်းအတွက် ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါကျောင်း၌ ကျင်းပရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး အကျိုးတော်ဆောင် ဦးခင်မောင် (ဗိုလ်မှူးချုပ်ငြိမ်း) ကရေသန့်စက် လှူဒါန်းပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးလှထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အကျိုးတော်ဆောင်သာစည်မြို့ရွှေနဂါးကုမ္ပဏီလီမိတက်မှ ဦးဘဇံက ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်း စာရွက်စာတမ်းများအား ပေးအပ်ရာ ကျောင်းအုပ်ကြီး ဦးစိန်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။**(ယာပုံ)**

ဆက်လက်ပြီး ကန်စွယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများကို အဆိုပါ ကျောင်း၌ အခမ်းအနားဖြင့်ပေးအပ်ရာ ကျောင်းအုပ်ကြီး ဦးမောင်မောင်စိုးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားများသို့ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲ မတ် ၃၀ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)နှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့က အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲ စည်းမျဉ်းများအတိုင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲ (၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ ၄ နှစ်သက်တမ်း) ကို ၂၀၂၄ ခုနှစ် မတ် ၃၀ ရက် (စနေနေ့)တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ လေးနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်နေရာများရွေးချယ်ရာတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ – တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ –သုံးဦး (အမျိုးသား – နှစ်ဦးနှင့် အမျိုးသမီး –တစ်ဦး)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ခြောက်ဦး၊ မြန်မာနေရှင်နယ်လိဂ်–၁ သုံးဦး၊ မြန်မာနေရှင်နယ်လိဂ်–၂ တစ်ဦး၊ ဒိုင်ကော်မတီ တစ်ဦး၊ နည်းပြကော်မတီ တစ်ဦး၊ ကစားသမားကော်မတီ တစ်ဦး၊ အမျိုးသမီးဘောလုံးကော်မတီ တစ်ဦး၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ တစ်ဦး စုစုပေါင်း ၁၉ ဦး ရွေးကောက်တင်မြှောက်မည်ဖြစ်သည်။ ယင်းရွေးချယ်ခံမည့်နေရာများအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် လျှောက်လွှာများကို ဖေဖော်ဝါရီ ၇ ရက်မှစတင်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး တည်ရှိရာ (Goal Hotel၊ ဝေဇယန္တာလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်) ရွေးကောက်ပွဲကော်မရှင်ရုံးခန်း၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း ကိုယ်တိုင်လာရောက်ထုတ်ယူ၊ တင်သွင်းနိုင်မည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများ အမည်စာရင်း တင်သွင်းရန် လျှောက်လွှာပုံစံများကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၃ နာရီ နောက်ဆုံးထား၍ ရွေးကောက်ပွဲကော်မရှင်ရုံးခန်းသို့ ကိုယ်တိုင်လာရောက် တင်သွင်းရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ရွေးကောက်ပွဲကော်မရှင် ဖုန်း– ၀၉၂၆၆၀၇၁၄၁၀, ၀၉၉၇၆၅၀၃၂၀၁, ၀၉၅၀၃၅၁၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**ရဲရင့်လွင်**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဟိုပုံး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ မြို့ပေါ်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဟိုပုံးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်၍ အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟိုပုံးမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ဟိုပုံးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် မီးသတိမူရေး၊ သတိပေးဆော်သြခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် မန္တလေးတိုင်းဒေသကြီး လယ်ယာကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များပံ့ပိုးကူညီ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စီပင်စိုက်ပျိုးရေးသုတေသနခြံ၏ သုတေသနနှင့် မျိုးစေ့ထုတ်လုပ်မှု ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဆင်းရွှေကြာ-၂ နေကြာ မျိုးသန့်ရွေးချယ်ရေး လုပ်ငန်းများနှင့် ဂျုံသီးနှံ သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နည်းပညာနှင့် သုတေသန လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် စီပင်စိုက်ပျိုးရေးသုတေသနခြံအတွင်း ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့် နေကြာ သုတေသန စိုက်ခင်းများ၊ စုဆောင်းရရှိထားပြီး ဂျုံမျိုးဗီဇကွဲများနှင့် ဩစတြေးလျနိုင်ငံမှ တင်သွင်းသည့် ဂျုံမျိုး လေးမျိုးကို မြန်မာနိုင်ငံ၏ ရေမြေရာသီဥတု၌ အပင်ဖြစ်ထွန်းမှုကောင်းသော အရည်အသွေးကောင်း ဂျုံမျိုးရရှိစေရန် သုတေသနပြု စမ်းသပ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သုတေသနနှင့် နည်းပညာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ရွှေဒါးရှေ့တန်းစခန်းရှိ ဆင်းရွှေကြာ(၂) မျိုး ရွေးချယ်မြှင့်တင်ရေး မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသအတွင်း မျိုးစေ့ဖူလုံရန်အတွက် တောင်သူများ ကိုယ်တိုင် ပူးပေါင်းပါဝင်သော မျိုးရွေးချယ်ရေးလုပ်ငန်းများ လုပ်ဆောင်ကြရန်လိုကြောင်း၊ အပွင့်အရွယ်အစား ခြောက်လက်မခွဲနှင့်အထက်၊ အပင်အမြင့်နှင့် သက်တမ်းကို ရွေးချယ်ပြီး လာမည့်ရာသီတွင် ဆက်လက်စိုက်ပျိုး၍ နှစ်စဉ်မျိုးရွေးချယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှသာ ပန်းတိုင်အထွက်နှုန်းရရှိမည် ဖြစ်ကြောင်း၊ နေကြာသီးနှံပန်းတိုင် အထွက်နှုန်း ရရှိရေးအတွက် အဓိကကျသော သဘာဝပျားမျိုးများ၊ လိပ်ပြာ၊ ဖလံများ၊ ပိတုန်းများ ဂေဟစနစ်တွင် ပြန်လည်ပြည့်ဖြိုးလာစေရန်၊ ပျားစာပင်များ၊ အကျိုးပြုအပင်များကိုလည်း စိုက်ခင်းပတ်လည်တွင် စိုက်ပျိုးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မြစ်သားမြို့နယ်ရှိ တောင်သူ ဦးအောင်ထိန်၏ တော်ဝင်ကြက်သွန်နီပွဲရုံလုပ်ငန်းနှင့် ရွာသစ်ကုန်းကျေးရွာ တောင်သူ ဦးမောင်စိုး၏ ကြက်သွန်နီ စိုက်ခင်းတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံ တောင်သူများနှင့် တွေ့ဆုံ၍ ပင်ကြားဝတ်မှုံကူးသည့် သီးနှံဖြစ်သော ကြက်သွန်နီမျိုးစေ့ထုတ်လုပ်ငန်းအောင်မြင်ရန် ပျားများ၊ ပိတုန်းများနှင့် အခြားအင်းဆက်ပိုးများလိုအပ်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်း၍ ပန်းပွင့်ချိန်ကို လေ့လာပြီး မျိုးရိုးဗီဇမတူသည့် မျိုးများကို ပန်းပွင့်ချိန်တူအောင်လုပ်ဆောင်၍ မျိုးစပ်မျိုးယူခြင်း သုတေသနများ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။**(အောက်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝက်ထိန်းကျေးရွာတောင်သူ ဦးစိုးဝင်း၏ နေကြာ ၁၀ ဧက စိုက်ခင်းနှင့် တံတားဦးမြို့နယ် စကားအင်း အဝိုင်းအနီးရှိ ဆောင်းဂျုံ စံပြကွက် ၂၅ ဧကတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာ တောင်သူများနှင့်တွေ့ဆုံ၍ ကျောက်ဆည် အင်းကုန်းစက်ရုံမှ စမ်းသပ်ထုတ်လုပ်သည့် အပေါ့စား လက်ဆွဲကောက်စိုက်စက်ကို နွေစပါးစိုက်ပျိုးရာသီမှ စတင်၍ တောင်သူများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ အဓိကစိုက်ပျိုးသည့်သီးနှံ မပေါ်မီစပ်ကြားတွင် အရင်းကျေသီးနှံစိုက်ပျိုး၍ အပိုဝင်ငွေရရှိရေး ဆောင်ရွက်ကြရန်၊ ကောက်ရိုးမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ကာ MSME လုပ်ငန်းများထွန်းကားလာစေရေး ဆွေးနွေးပြောကြားပြီး တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူလုံးဝမရှိစေရေး ဆောင်ရွက်ရမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ခွေးရူးပြန်ရောဂါသည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပြီး ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးသည် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ အရေးကြီးသော လုပ်ငန်းတာဝန်တစ်ခုပင်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သဏ္ဌာန် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ လုံးဝမရှိစေရေး ရည်မှန်းချက် ပြည့်မီစေရေး မြန်မာနိုင်ငံအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ ဝန်ကြီးဌာန တစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းအားဖြင့် ဆောင်ရွက်၍ အောင်မြင်နိုင်မည် မဟုတ်ဘဲ နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပြည်သူလူထုက ပါ တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှု (One Health Approach)ဖြင့် ဆောင်ရွက်သွားကြရေးအတွက် ရည်ရွယ်ပြီး ဆွေးနွေးတိုင်ပင်နိုင်စေရေး အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဇဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်စန္ဒာအောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမင်းသိမ်းမော်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ဌာနမှူး ဒေါက်တာ ဝေဖြိုးအောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်တို့က ခွေးရူးပြန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ခွေးကိုက်မှုအဖြစ်များသော ဒေသများ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို Campaign အသွင်ဖြင့် စနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာကဏ္ဍစုံပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ၍ လက်တွေ့လုပ်ဆောင်နိုင်မည့် ခွေးရူးပြန်ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှု စီမံချက်များ ရေးဆွဲသွားရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန ဌာနမှူးနှင့် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးနယ်မြေ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များတွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ညောင်ဦးမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၉၂ ခုမှ ပြည်သူ ၃၈၁ ဦး၊ ကျောက်ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၂ ခုမှ ပြည်သူ ၂၆၅ ဦး စုစုပေါင်း ၆၄၆ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေး လေ့လာကြသည်။

တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body -BGB) အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးရဲတင့်က ပြန်ကြားဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်နေသည့် ရုပ်သံလွှင့်နှင့် FM ရေဒီယိုများအနေဖြင့် ထုတ်လွှင့်ဖော်ပြနေမှုများတွင် အမှားအယွင်းမရှိစေရေး၊ အားနည်းချက်မရှိစေရေး သတိထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူများ သိသင့်သိထိုက်သည့် အသိပညာပေးအစီအစဉ်များကို ထည့်သွင်းထုတ်လွှင့်ပြသပေးစေလိုပါကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် လိုင်းနှုန်းငှားရမ်းခများ၊ စက်ပစ္စည်းငှားရမ်းအသုံးပြုခများ၊ အခွန်အခများကို ဘဏ္ဍာနှစ်မကျော်မီ ကြွေးကျန်မရှိစေရေး ပေးသွင်းကြစေလိုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုကို ထိခိုက်စေမည့် ပြသထုတ်လွှင့်မှုများမပါရှိစေရေး အထူးသတိပြု ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်း ကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အကျိုးတူကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူက ယခင်ပြုလုပ်ခဲ့သည့် BGB အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ စက်မှုဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနခွဲနှင့် ဘဏ္ဍာရေးဌာနခွဲ၊ အကျိုးတူပူးပေါင်းလျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများနှင့် ဖိတ်ကြားထားသည့် ကုမ္ပဏီများက ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများကြီးကြပ်မှုအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အခွန်များကို ဘဏ္ဍာနှစ်အတွင်း ပေးသွင်းနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# သတင်းတု၊ သတင်းမှားများနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ဥရောပသမဂ္ဂအကြား ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**စင်ကာပူ ဇန်နဝါရီ ၂၉**

စင်ကာပူနိုင်ငံ JEN Singapore Tanglin by Shanghai-La ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ပြုလုပ်သော သတင်းတု၊ သတင်းမှားများနှင့် စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ဥရောပသမဂ္ဂအကြားဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်/ သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုး၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမန်ဟောက်ထန်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (ခ) မြင်းမူမောင်နိုင်မိုးတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး Mr Tan Kiat How က အဖွင့်အမှာစကားပြောကြားပြီး AICHR ဆိုင်ရာ စင်ကာပူတာဝန်ခံ Dr Shashi Jayakumar နှင့် အာဆီယံဆိုင်ရာ ဥရောပသမဂ္ဂသံတမန် Mr Sujiro Seam တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆွေးနွေးပွဲကို အပိုင်းလေးပိုင်းဖြင့် ပြုလုပ်ပြီး သတင်းတု၊ သတင်းမှားကြောင့် လူ့အဖွဲ့အစည်းတွင် သက်ရောက်မှုများ၊ သတင်းတု၊ သတင်းမှားကို ကိုင်တွယ်ထိန်းသိမ်းနည်းနာများ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများတွင် သတင်းတု၊ သတင်းမှားကြောင့် ကြုံတွေ့နေကြရသော အခက်အခဲ၊ အကျပ်အတည်းများအပေါ် ဖြေရှင်းဆောင်ရွက်ကြပုံများအပေါ် တက်ရောက်လာကြသည့် နိုင်ငံကိုယ်စားလှယ်များက ပွင့်လင်းစွာ ဆွေးနွေးကြပြီး အနာဂတ်ကာလတွင် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် သတင်းမှန်များ နေ့စဉ်ပျံ့နှံ့ရေးသည် နိုင်ငံတစ်နိုင်ငံချင်းသာမက ဒေသတွင်းမှသည် ကမ္ဘာ့နိုင်ငံအသီးသီးက အလေးထားဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ရှုထောင့်မျိုးစုံမှ ဆွေးနွေးခဲ့ကြသည်။



**သတင်းစဉ်**

# စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်

**စလင်း ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးတင်အေးနှင့် အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရှစ်ရပ်ကွက်၌ အဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြသည်။



အဆောက်အအုံ မှတ်တမ်းတင်ခြင်းကို ဇန်နဝါရီ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ ကျေးစာရေးများနှင့် ရာအိမ်မှူးများက ဆောင်ရွက်ကြရာ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုသည်။

အဆိုပါ အဆောက်အအုံ မှတ်တမ်းတင်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၈ ရက်မှ မတ် ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ သိရသည်။

**မောင်လွင်(စလင်း)**



အင်္ဂပူမြို့နယ် ကဇင်းကြီးကျေးရွာရှိ တောင်သူ စောမိုးကြည်၏ လယ်မြေ ၂၅ ဧကတွင် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနမှ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၂၈ ရက်က သွားရောက်ကွင်းဆင်းကြည့်ရှုကြစဉ်။ မြို့နယ် (ပြန်/ဆက်)

# ပင်းတယ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး အကြိုလုပ်ငန်းများဆောင်ရွက်

**ပင်းတယ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ငှက်ပျောတောရပ်ကွက်အတွင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် အဆောက်အအုံစာရင်း မှတ်တမ်းတင်ခြင်းလုပ်ငန်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ချို ဦးဆောင်မှုဖြင့် အဖွဲ့များခွဲ၍ ကောက်ယူလျက်ရှိရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါအဆောက်အအုံ မှတ်တမ်းတင်ခြင်းလုပ်ငန်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၁၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်ကို ကောက်ယူပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရပ်ကွက် ကျေးရွာများအား ဆက်လက်ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။



**ရဲထက်ဦး(ပြန်/ဆက်)**

# မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်တံဆိပ်နှင့် တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၂၉**

မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေ၊ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် မွန်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ထမ်းဆောင်ခဲ့ကြသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်တံဆိပ်နှင့် တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်တံဆိပ်နှင့် တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ခြင်းခံရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဆင့်မြင့်ရာထူး တပ်ဆင်ပေး၍ ဂုဏ်ထူးဆောင်တံဆိပ်များ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မလှိုင်မြို့နယ်၌ ကျေးလက်ရေပေးရေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**မလှိုင် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် မှရိုးကျေးရွာ စက်ရေတွင်း ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် နှင့် ရေစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ စက်ရေတွင်းမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉ ဒသမ ၄၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေတွင်းအမျိုးအစားမှာ ၄ ဒသမ ၅ လက်မ စက်ရေတွင်းဖြစ်ကာ အနက်ပေ ၃၀၀ ဖြစ်ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေအုတ်ကန်နှင့် (၁၀ x ၈ x ၈) ပေ ရေစက်ရုံတစ်ခုလည်း ပါဝင်သည်။ မှရိုးကျေးရွာရှိ ပြည်သူ ၁၄၆၁ ဦးသည် ပွင့်လင်းရာသီနှင့် အယ်လ်နီညိုဖြစ်ပေါ်မှုအန္တရာယ်ကြောင့် ရေရှားပါးစဉ် အဆိုပါရေတွင်းမှ သောက်ရေသုံးရေ ပြည့်ဝစွာရရှိနိုင်မည်ဖြစ်သည်။ **မြထွန်း(မလှိုင်)**



ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်းစစ်ဆေးမှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၂၉ ရက်က ဆောင်ရွက်စဉ်။ မြင့်မြင့်ရီ(ပြန်/ဆက်)

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

# ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ လက်ထက်တွင် ညအိပ်ရပ်နားနိုင်မည့် ယာဉ်ရပ်ဝင်း ရှစ်ခု တည်ဆောက်ရန်စီစဉ်ထားရာ လေးခု ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ(YRTC) လက်ထက်တွင် ညအိပ်ရပ်နားနိုင်မည့် ယာဉ်ရပ်ဝင်း ရှစ်ခု တည်ဆောက်ရန် စီစဉ်ထားရာ လေးခုမှာ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါကော်မတီထံမှ သိရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုချပေးထားသည့် သုခဒဂုံအိမ်ရာဝင်းရှိ ငါးဧက အကျယ်ရှိသော မြေပေါ်တွင် ယာဉ်ရပ်ဝင်းတစ်ခုကို ထပ်မံဆောက်လုပ်နေကာ ယခင်က တည်ဆောက်ပြီးစီးသည့် ယာဉ်ရပ်ဝင်း ခုနစ်ခု ရှိကြောင်း သိရသည်။

"ယာဉ်နားကွင်းတွေ မဖြစ်မနေလိုအပ်တယ်။ အရင်က လုပ်ပြီးသား ခုနစ်ခုလောက် ရှိတယ်။ YRTC လက်ထက်မှာလုပ်တာ အခု တည်ဆောက်ပြီးတာ လေးနေရာလောက် ရှိတယ်။ တည်ဆောက်ဆဲက တစ်နေရာ။ ရှစ်နေရာက တည်ဆောက်သွားဖို့ ရှိတာ။ လှိုင်သာယာဘက်မှာ ယာဉ်ရပ်ဝင်းရှိတယ်၊ မြောက်ဒဂုံမှာ taxi ယာဉ်ရပ်ဝင်းရှိတယ်။ မြောက်ဥက္ကလာမှာရှိတယ်။ သုခဒဂုံအိမ်ရာ၊ ဒဂုံဆိပ်ကမ်း၊ တောင်ဥက္ကလာမြို့နယ်တို့မှာ တည်ဆောက်သွားမှာပါ"ဟု YRTC မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ယာဉ်ရပ်နားဝင်းများ၏ အကျယ်အဝန်းမှာ မြေဧက ငါးဧကမှ ခုနစ်ဧက အတွင်းရှိပြီး ၎င်းတို့၏ အကျယ်အဝန်းအလိုက် ယာဉ်အစီးရေ ၂၀၀၊ ၃၀၀ ခန့် ရပ်နားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။ **MT**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၇၂)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထား

**ရန်ကုန် ဇန်နဝါရီ ၂၉**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ (၇၂)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို လာမည့်လတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း အဆိုပါစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကာ ထမနဲဆွမ်းအလှူ၊ ဆွမ်းတော်ကြီးအလှူ၊ ဆွမ်းဆန်စိမ်းအလှူနှင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာအလှူများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က မရမ်းကုန်းခရိုင်ထဲမှာ ရှိတဲ့ မြို့နယ်တွေက အလှူရှင်တွေ၊ ဌာနဆိုင်ရာတွေ အဲဒါတွေနဲ့ဘုရားကြီးမှာ စည်စည်ကားကားဖြစ်အောင် လုပ်ထားပါတယ်"ဟု သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်နံနက်ပိုင်းတွင် ထမနဲထိုးပွဲကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်း အပါအဝင် အခြားအခမ်းအနားများကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

"စည်စည်ကားကားဆိုတာကတော့ အရင်ကိုဗစ်မဖြစ်ခင်တုန်းက ဘုရားပွဲတော် ငါးရက်စလုံးမှာ ပျော်ပွဲရွှင်ပွဲတွေနဲ့ လုပ်တာပေါ့။ အခုကျတော့အခြေအနေအရ ပျော်ပွဲရွှင်ပွဲတွေ မထည့်တော့ဘူး" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**သစ်တော်**

# သာပေါင်းမြို့နယ်၌ ရေချိုငါးများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**သာပေါင်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေလုပ်ငန်းရှင်များ ပူးပေါင်း၍ ရေချိုငါးများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး အတွက် ဇန်နဝါရီ ၂၈ ရက်က မြို့မဈေးရှေ့၌ ရောင်းချပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများက ပြည်သူများအား ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၃၅၀၀ နှုန်းဖြင့် ပိဿာချိန် ၃၂၅ ပိဿာကို ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း (တတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်တွင် ပဥ္စမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးဉာဏ်ထွန်း နှင့် ဇနီးဖြစ်သူ အသည်းအလှူရှင် ဒေါ်စန္ဒာအောင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲအချိန်တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယခင်ရက်များတွင် ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းအလှူရှင် နှစ်ဦးနှင့် အသည်းလက်ခံလူနာ နှစ်ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လားရှိုးမြို့ မြို့ရှောင်လမ်းအနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း Wheel Rim with Tyre ၄၈ လုံး၊ ကလေးစီး ရှူးဖိနပ် အရန် ၆၀၀၊ တရုတ်စာတန်းပါ ပိုးသတ်ဆေး ၈၈၀ ကီလိုဂရမ်၊ Wipes Tissue ၇၂၀၀ ကီလိုဂရမ်၊ Water Sterilizer ၁၀၀၊ ဖုန်းအပိုပစ္စည်း Phone Back Body ၆၀၀၊ ကလေးစီးအားကစားဖိနပ်အရန် ၆၅၀၊ Pesticide ပိုးသတ်ဆေး ၃၉၀ ကီလိုဂရမ်၊ Walking Shoe ဖိနပ်အရန် ၃၂၀၊ Men Short Pant ဘောင်းဘီအထည် ၆၀၀၊ LED Square Light မီးသီးအလုံး ၂၀၀၀၊ Total Station Survey Instrument တစ်ခု၊ Taizhou Yiku Electric Scooter တစ်စီး အပါအဝင် ကုန်ပစ္စည်း ၃၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Joy Long Hiace နှစ်စီး၊ Toyota Hiace ငါးစီး၊ Toyota Wish နှစ်စီး၊ Toyota Alphard တစ်စီး၊ Toyota Granvia တစ်စီး၊ ISUZU Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၁၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် မုံရွာမြို့ မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingoad မော်တော်ယာဉ် တစ်စီးနှင့် Toyota Lucida မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုဒီယမ်ဆိုင်ရာနိုက် ၁၆၉၀ ကီလိုဂရမ်၊ Hydrogen Peroxide ၄၅၀လီတာ အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၀၁၈၀၀) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၀၁၈၀၀ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၄၀၁၈၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် စတင်ပြင်ဆင်နေခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီ ၇ ရက် နှင့် ၉ ရက်တွင် အင်ဒိုနီးရှား ဖူဆယ်လိဂ်ချန်ပီယံ Bintang Timur Futsal Club အသင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် Regional East Java Team အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ရဲမွန်ထွဋ်၊ အုပ်ချုပ်သူ-ဦးရဲဝင်းထွန်း၊ နည်းပြချုပ် - ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြ - ဦးငွေမြင့်၊ ဦးမောင်မောင်လွင်၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ-တာဝမ် (ထိုင်း)၊ ကစားသမားများအဖြစ် ဂိုးသမား- ညီညီသန့် (MIU)၊ ဇွဲပြည့်စုံ (VUC)၊ ကျော်ရဲသွေး (Generations)၊ ကစားသမား - မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ ထွဋ်ဝေထွန်း၊ ရဲရင့်ရွှေပေါ်၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော် (VUC)၊ လဖိုင်ဇော်လွန်း (Winner Soccer)၊ ရှိုင်းထက်အောင် (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ (M2K)၊ ကိုကိုလွင်၊ သက်ထွန်း၊ နေထက်လင်း (MIU)၊ ဆက်ဝေယံ၊ ဇော်ဖြိုးဦး (Generations)၊ ခန့်တည်မင်းထွေး၊ သော်ထက်အောင် (လင်းလက်) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ - MFF**

❍ *ကျောဖုံးမှ*

မန်ယူအသင်းသည် ပြိုင်ဘက်အသင်းကို ပွဲချိန် ၁၃ မိနစ်အတွင်း ဖာနန်ဒက်စ်၊ မိုင်နိုတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၃၆ မိနစ်တွင် မော်ရစ်နှင့် ၄၇ မိနစ်တွင် ဝီလ်အီဗန့်စ်တို့၏ ချေပဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ မန်ယူအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးနှင့် စတုတ္ထဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် အန်တိုနီနှင့် ၉၄ မိနစ်တွင် ဟွိုက်လန်းတို့က သွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် မန်ယူအသင်းမှ ဂိုးသမား ဘယင်ဒါပွဲထွက်ကစားခွင့်ရရှိခဲ့သည်။ နယူးပို့သ်အသင်းသည် မန်ယူအသင်းဘက်သို့ တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးကန်သွင်းမှု ၁၇ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ခုနစ်ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ ယခုပွဲစဉ်တွင် အနိုင်ယူကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သောမန်ယူအသင်းသည်အက်ဖ်အေဖလား ပြိုင်ပွဲ ပဥ္စမအဆင့်တွင် ဘရစ္စတိုးလ်စီးတီး သို့မဟုတ် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဖေဖော်ဝါရီ ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **အောင်ဇော်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Mg Naing Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်နေ ဖိုးကြီး(ခ) တင်ထွန်းနိုင်အား မွန်းလွဲ ၁ နာရီတွင် ထုံးဖိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ် နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်တောင်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအဓိကတင်ပို့



မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၉၁ ဒသမ ၈၂ တန်၊ ချင်းခရုအရှင် ၁၁ ဒသမ ၄ တန်၊ ရွှံ့ကဏန်းအရှင် ၂ ဒသမ ၈တန်၊ အေးခဲကင်းမွန် ၆ ဒသမ ၅ တန်၊ ကဏန်းအသေ ၁၂ ဒသမ ၃ တန်၊ ရေချိုပုစွန် ၀ ဒသမ ၇၅ တန်၊ ကင်းမွန်ပြုတ်ခြောက် ၀ ဒသမ ၅တန်၊ ရေခူဆားနယ် ၁၁ ဒသမ ၇တန်၊ ပုစွန်ငါးပိ ၅ ဒသမ ၈တန်၊ ကျောက်ပုစွန်အရှင် ၁ ဒသမ ၂၈ တန်၊ ငှက်ပျောသီး ၉၅ တန်၊ ငရုတ်သီးစိမ်း ၇၁ ဒသမ ၉၃၈ တန်၊ ကြက်သွန်နီ ၆၈ တန်၊ ခနိဖက် ၅၄ တန်နှင့် တံမြက်စည်း ၃၉၀၀၀ ခု တင်ပို့နိုင်ခဲ့သည်။

အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီး ၅၄ တန်၊ ဂျစ်ပဆမ်ကျောက်ပြား (Gypsum Board) ၁၂၈ တန်၊ ငါးသေတ္တာဘူးခွံ ၅ တန်၊ A4 Paper ၄၈ တန်၊ PVC Floor ၂ တန်၊ ဖိနပ် အရန် ၁၂၀၀၀ နှင့်ကြွေပြား စတုရန်းမီတာ ၄၀၀၀ ဖြစ်သည်။

မော်တောင် ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများ၏ တစ် တန်ဈေးနှုန်းမှာ ငါးမျိုးစုံ ၁၀၂၄ ဒသမ ၉၂ ဒေါ်လာ၊ ချင်းခရုအရှင် ၁၅၂၆ ဒသမ ၃၂ ဒေါ်လာ၊ ရွှံ့ကဏန်းအရှင် ၃၈၅၇ ဒသမ ၁၄ ဒေါ်လာ၊ အေးခဲကင်းမွန် ၁၇၆၉ ဒသမ ၂၃ ဒေါ်လာ၊ ကဏန်းအသေ ၁၂၉၂ ဒသမ ၆၈ ဒေါ်လာ၊ ရေချိုပုစွန် ၈၉၃၃ ဒသမ ၃၃ ဒေါ်လာ၊ ကင်းမွန်ပြုတ်ခြောက် ဒေါ်လာ ၄၄၀၀၊ ရေခူဆားနယ် ၁၈၉၇ ဒသမ ၄၄ ဒေါ်လာ၊ ပုစွန် ငါးပိ ၁၇၄၁ ဒသမ ၃၈ ဒေါ်လာ၊ ကျောက်ပုစွန်အရှင် ၂၅၅၄၆ ဒသမ ၈၈ ဒေါ်လာ၊ ငှက်ပျောသီး ၃၁၁ ဒသမ ၅၈ ဒေါ်လာ၊ ငရုတ်သီးစိမ်း ၈၀၂ ဒသမ ၀၈ဒေါ်လာ၊ ကြက်သွန် နီ ၃၉၅ ဒသမ ၅၉ ဒေါ်လာ၊ ခနိ ဖက် ၁၃၅ ဒသမ ၁၉ ဒေါ်လာနှင့် တံမြက်စည်း တစ်ချောင်းလျှင် ၀ ဒသမ၂၀၅ ဒေါ်လာဖြစ်သည်။

မော်တောင် ကုန်သွယ်ရေး စခန်းမှ အဓိကတင်သွင်းလျက်ရှိ သည့် သွင်းကုန်ပစ္စည်းများ၏ တစ် တန်ဈေးနှုန်းမှာ သစ်သီး ၂၅၃ ဒသမ ၇ ဒေါ်လာ၊ ဂျစ်ပဆမ်ကျောက် ပြား(Gypsum Board) ၁၇၃ဒသမ ၄၄ ဒေါ်လာ၊ ငါးသေတ္တာ ဘူးခွံ ၃၄၀ ဒေါ်လာနှုန်း၊ A4 Paper ၁၃၀၆ ဒသမ ၂၅ ဒေါ်လာနှုန်း၊ PVC Floor ၅၅၀ ဒေါ်လာနှုန်း၊ ဖိနပ်တစ်ရန်လျှင် ၀ ဒသမ ၁၂ ဒေါ်လာနှုန်း၊ ကြွေပြား ၁ စတုရန်း မီတာလျှင် ၂ ဒသမ ၄၅ ဒေါ်လာ နှုန်းဖြစ်သည်။ **DOT (မော်တောင်)**

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၂၇ ရက်အတွင်း ငါးမှုန့် တစ်တန်လျှင် ၉၁၇ ဒေါ်လာနှုန်းဖြင့် တန် ၁၅၉၀၊ ငါးဆီ တစ်တန်လျှင် ၆၀၆ ဒေါ်လာနှုန်းဖြင့် ၂၈ တန်နှင့် ငါးကြိတ်သား တစ်တန်လျှင် ၁၈၅၈ ဒေါ်လာနှုန်းဖြင့် ၁၈ တန်ကို အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၂၇ ရက်အတွင်း ဒီဇယ်ဆီ တစ်တန်လျှင် ၈၂၉ ဒသမ ၄ ဒေါ်လာ နှုန်းဖြင့် တန် ၄၇၀၀ ၊ ဓာတ်ဆီ တစ်တန်လျှင် ၈၈၁ ဒေါ်လာနှုန်းဖြင့် တန် ၃၀၀၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၃၈ ဒသမ ၅၆၀၁ ကီလိုဂရမ်နှင့် လုပ်ငန်းသုံးပစ္စည်း ၈၆၁ ဒသမ ၆၈၅ ကီလိုဂရမ်၊ အခု ၄၀၀ ၊ ပုစွန်စာ ၁၅၀ ကီလိုဂရမ်ကို တင်သွင်းခဲ့သည်။ **DOT (မြိတ်)**

## ရေစကြိုမြို့နယ်အတွင်းရှိ ထောပတ်ပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိနိုင်ရေးမျှော်လင့်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကျေးရွာများဖြစ်သော ညောင်တော၊ ရှစ်အိမ်တန်း၊ ကျွန်းဘိုပင်၊ ဇီးကျွန်း၊ ကူတုတ်နှင့် အောင်ချမ်းသာကျေးရွာများတွင် မြစ်ရေကျချိန်၌ ဆောင်းသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ မြေပဲ၊ ကုလားပဲ၊ ထောပတ်ပဲနှင့် အခြားပဲမျိုးစုံသီးနှံများကို စိုက်ပျိုးကြသည့်အနက် ထောပတ်ပဲကို အများအပြား စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထောပတ်ပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လကုန်ခန့်တွင် ရိတ်သိမ်းရကြောင်း၊ ထောပတ်ပဲသီးနှံတစ်ဧက စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြင်ခြင်း၊ ရိတ်သိမ်းခြင်းများအတွက် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ထောပတ်ပဲစိုက်ခင်းများမှာ အသီးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပိုးမွှား အန္တရာယ်ကျရောက်မှု၊ ရာသီဥတုဖောက်ပြန်မှုမရှိပါက အထွက်နှုန်းကောင်းမွန်နိုင်ကြောင်း၊ ယခင်ဈေးနှုန်းအနေဖြင့် ထောပတ်ပဲ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀-၉၀၀၀၀ ခန့်ရှိရာ ယခင်ဈေးနှုန်းအတိုင်း ရရှိမည်ဆိုပါက အကျိုးအမြတ်ပိုမိုရရှိနိုင်သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းသဖြင့် နှမ်းဈေးကွက်အရောင်းသွက်

မကွေးတိုင်းဒေသကြီးအတွင်း အဓိကစိုက်ပျိုးသည့်သီးနှံတွင် တစ်ခုအပါအဝင်ဖြစ်သည့် နှမ်းသီးနှံကို ၁၂၅၉၄၅၈ ဧကအထိ စိုက်ပျိုးကြသည်။ စိုက်ပျိုးသည့်ဧကများသလို ထွက်ရှိသည့် သီးနှံလည်းများသည်။ နှမ်းသီးနှံကို ရောင်စုံစိုက်ပျိုးကြသလို နှမ်းမျိုးကွဲများစွာလည်း ဒေသအလိုက် စိုက်ပျိုးကြသည်။ ထွက်ရှိသည့်နှမ်းများမှာ နှမ်းနက်(စမုံ)၊ နှမ်းနက်(ရိုးရိုး)၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းဖြူ အစရှိသကဲ့သို့ နှမ်းရောင်ကွဲများလည်းပါရှိသည်။

နှမ်းနက်(စမုံ)ကို အောင်လံနယ်တစ်ဝိုက်တွင် အဓိကစိုက်ပျိုးကြပြီး နှမ်းနက်(စမုံ) ရောင်းဝယ်ဖောက်ကားရာ နေရာလည်းဖြစ်သည်။ နှမ်းနက် (စမုံ) ကို တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေ၍ ယခုရက်ပိုင်းတွင် ဈေးမြင့်တက်လာကာ ကျန်နှမ်းများလည်း ဆီစက်လုပ်ငန်းရှင်များ၏ ဝယ်လိုအားကြောင့် ဈေးအနည်းငယ် မြင့်တက်လာသည်။ နှမ်းနက် (စမုံ) ကို အောင်လံမြို့နယ်ရှိ ကျေးရွာများမှလည်းကောင်း၊ တောင်တွင်းကြီး၊ ပြည်တို့မှလည်းကောင်း လာရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပြီး ဈေးကွက်ထဲသို့ တစ်ရက်လျှင် ၂၅ ပိဿာဝင်အိတ် ၁၀၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

နှမ်းဈေးနှုန်းများအနေဖြင့် ဇန်နဝါရီလ ပထမပတ်တွင် နှမ်းနက် (စမုံ) ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ ဒုတိယပတ်တွင် နှမ်းနက် (စမုံ) ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ တတိယပတ်တွင် နှမ်းနက် (စမုံ) ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ဇန်နဝါရီလ စတုတ္ထပတ်တွင် နှမ်းနက် (စမုံ) ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းနီ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ ၃ တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**DOT(မကွေး)**

## ၂၉-၁-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၀၀၀ | ၆၃၀၀ | ၁၆၅၀၀ | ၅၈၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၅၆၉၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၀၀ | | ၆၇၅၀ | ၁၇၀၀၀ | ၅၇၀၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၆၀၀ | | ၅၄၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၆၃၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၂၀၀ | ၃၄၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၅၇၅ | ၁၈၀၀၀ | ၃၅၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၀၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၈၁၀ | ၁၄၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၅၅၀၀ | ၁၃၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၁၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၃၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၅၅၀၀ | ၁၃၀၀၀ | ၅၇၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၂၅၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၄၅၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ဖိလစ်ပိုင်သမ္မတ မာကို့စ် ဗီယက်နမ်နိုင်ငံသို့ သွားရောက်

မနီလာ ဇန်နဝါရီ ၂၉

**ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမီဒက်ဇ် မာကို့စ်သည် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နှစ်ရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီ ၂၉ ရက်က ထွက်ခွာသွားသည်။**

ဖိလစ်ပိုင်သမ္မတ မာကို့စ်သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ခရီးသွားလာရေးကဲ့သို့သော ဒေသတွင်းနှင့် အပြန်အလှန် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဗီယက်နမ်သမ္မတ ဗိုဗင်သောင်နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတက ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံအကြား ပိုမိုကောင်းမွန်လာသည့် ဆက်ဆံရေးကို ဆောင်ကြဉ်း ပေးရန် သွားရောက်ခြင်းဖြစ်ပြီး ၎င်းက ဗီယက်နမ် ဝန်ကြီးချုပ် ဖမ်မင်းချင်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်လည်း တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့သည် လာမည့်နှစ်များအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအထိ နှစ်နိုင်ငံကုန်သွယ်ရေးမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံသည် အာဆီယံဒေသအတွင်း ဖိလစ်ပိုင်နိုင်ငံ၏ တစ်ခုတည်းသော မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ



ဖိလစ်ပိုင်သမ္မတနှင့် ၎င်း၏ဇနီး။



# ထိုင်းနှင့်တရုတ်နိုင်ငံတို့အကြား အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ပြုရန် သဘောတူ

ဘန်ကောက် ဇန်နဝါရီ ၂၉

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ပန်ပရီး ဗဟိဒ္ဓ နုကာရာနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့သည် ၎င်းတို့နိုင်ငံများ၏ နိုင်ငံသားများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို သဘောတူခဲ့ကြကြောင်း သိရသည်။

အဆိုပါ သဘောတူညီမှုကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဇန်နဝါရီ ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြပြီး မတ်လ ၁ ရက်မှစတင်ကာ နှစ်နိုင်ငံအကြား လည်ပတ်မှုအတွက် ရက်ပေါင်း ၃၀ အထိ ဗီဇာများ လိုအပ်တော့မည် မဟုတ်ပေ။

ထိုင်းအစိုးရသည် လွန်ခဲ့သည့် စက်တင်ဘာလမှ ဖေဖော်ဝါရီလအထိ တရုတ်ခရီးသွားများအတွက် ကာလတိုဗီဇာများကို ကင်းလွတ်ခွင့်ပြုခဲ့သည်။ ခရီးသွားလုပ်ငန်းဖြင့်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းဖြင့်ဖြစ်စေ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ခရီးသွားခြင်းသည် ပိုမိုအဆင်ပြေလာမည်ဖြစ်ပြီး နှစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုအထောက်အကူပြုဖွယ်ရှိကြောင်း ပန်ပရီးက ပြောသည်။

ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ၁၁ သန်းခန့် လာရောက်လည်ပတ်ကြောင်းနှင့် အဆိုပါနှစ်က နိုင်ငံခြားခရီးသွားအားလုံး၏ လေးပုံ တစ်ပုံရှိကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ခရီးသွားအရေအတွက်မှာ ကျဆင်းလျက်ရှိပြီး ယမန်နှစ်က ၃ ဒသမ ၅ သန်းခန့်သာ ရှိခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အေဒင်ပင်လယ်ကွေ့၌ အမေရိကန်စစ်သင်္ဘောကို ယီမင်ရှိ ဟူသီအုပ်စု တိုက်ခိုက်

ဆာနား ဇန်နဝါရီ ၂၉

အေဒင်ပင်လယ်ကွေ့၌ အမေရိကန်စစ်သင်္ဘော တစ်စင်းကို ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယီမင်ရှိ ဟူသီအုပ်စုက ဇန်နဝါရီ ၂၉ ရက်တွင် ပြောကြားသည်။

ဟူသီအုပ်စုကမြို့တော်ဆာနားအပါအဝင် ယီမင်နိုင်ငံမြောက်ပိုင်းဒေသအများအပြားကို ထိန်းချုပ်ထားကြောင်း၊ အဆိုပါအဖွဲ့က စူးစမ်းလေ့လာရေး မိုဘိုင်းအခြေစိုက် ရေယာဉ်ဖြစ်သည့် ယူအက်စ် အက်စ် လူးဝစ် ဘီပူလာသင်္ဘောကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

သင်္ဘော၏ လုပ်ငန်းတာဝန်များထဲမှ တစ်ခုသည် ၎င်းတို့နိုင်ငံကို ကျူးကျော်ဆန့်ကျင်မှုတွင် ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ကို ထောက်ပံ့မှုများပေးရန် ဖြစ်ကြောင်း ဟူသီတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယဉ့်ရာ ဆာရီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ ပိတ်ဆို့မှုကို အဆုံးသတ်သည်အထိ အစ္စရေးသင်္ဘောများ သို့မဟုတ် အစ္စရေးသို့ ဦးတည်သွားလာနေသည့် ရေယာဉ်များကို ဆက်လက် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

သင်္ဘောပေါ်၌ နောက်ထပ်တိုက်ခိုက်မှုများကို တားဆီးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုကို ကာကွယ်ရန် ရည်ရွယ်ပြီး အမေရိကန်နှင့် ဗြိတိန်တို့က မကြာသေးမီ သီတင်းပတ်များအတွင်း ဟူသီတို့ တည်ရှိရာနေရာများကို လက်တုံ့ပြန်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများစွာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ယီမင်ရှိ ဟူသီများကို တွေ့ရစဉ်။

# ဂျော်ဒန်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို ဒရုန်းဖြင့်တိုက်ခိုက်၊ အမေရိကန်စစ်မှုထမ်းသုံးဦး သေဆုံး

ဝါရှင်တန် ဇန်နဝါရီ ၂၉

ဂျော်ဒန်နိုင်ငံရှိ အမေရိကန်စစ်အခြေစိုက် စခန်းတစ်ခုကို ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်မှုထမ်း သုံးဦး သေဆုံးကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။


မကြာသေးမီက အရှေ့အလယ်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့များအား ဒရုန်းများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်မှုကြောင့် ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုများ ပိုမိုပြင်းထန်လာမှုနှင့် ပတ်သက်ပြီး စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။

ဆီးရီးယား နယ်စပ်အနီး ဂျော်ဒန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ အမေရိကန်အခြေစိုက်စခန်းတစ်ခုကို ဒရုန်းဖြင့် ပစ်ခတ်တိုက်ခိုက်ရာတွင် အမေရိကန်စစ်မှုထမ်း သုံးဦးသေဆုံးပြီး အခြား ၃၄ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ဇန်နဝါရီ ၂၈ ရက်တွင် ပြောသည်။

ဒရုန်းတိုက်ခိုက်မှုမှာ တာဝါ ၂၂ ဟုခေါ်သော စစ်ဘက်ဆိုင်ရာ အဆောက်အအုံ တစ်ခုအတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါ ဌာနချုပ်က ပြောသည်။ ၎င်းသည် အမေရိကန်စစ်ဘက်ဆိုင်ရာ ဝန်ထမ်း ၃၅၀ ခန့် လက်ခံထားသော ထောက်ပံ့ပို့ဆောင်ရေး အခြေစိုက်စခန်း တစ်ခုဖြစ်ကြောင်း သိရသည်။

ဂျော်ဒန် စစ်ဘက်ဆိုင်ရာမှ ထိခိုက်သေဆုံးမှု မရှိကြောင်း ဂျော်ဒန်နိုင်ငံပိုင် မီဒီယာက ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က တိုက်ခိုက်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းနေဆဲဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပြောသည်။ သို့သော်လည်း ဆီးရီးယားနှင့် အီရတ်တွင် လှုပ်ရှားဆောင်ရွက်နေသော အီရန်ကျောထောက်နောက်ခံ အစွန်းရောက် စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခြင်း ဖြစ်ကြောင်း ဝါရှင်တန်က ဆိုသည်။

အင်န်အိတ်ချ်ကေ



# ဂျပန်နိုင်ငံ လျှောင်ဒဏ်သင့်ဒေသများ၌ အပူချိန်မြင့်တက်နိုင်သဖြင့် မြေပြိုနိုင်သည်ဟု သတိပေး

တိုကျို ဇန်နဝါရီ ၂၉

ဂျပန်နိုင်ငံ၌ ဇန်နဝါရီ ၃၀ ရက်တွင် အပူချိန်မြင့်တက်လာမည်ဟု ခန့်မှန်းထားသောကြောင့် ငလျင်လှုပ်ခဲ့သည့်ဒေသများတွင် မြေပြိုနိုင်သည့်အတွက် သတိရှိရန် ဂျပန်နိုင်ငံအာဏာပိုင်များက ဒေသခံများကို တိုက်တွန်းထားသည်။

အီရှီကါဝါပြည်နယ် နိုတိုဒေသတွင် ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခဲ့ခြင်းမှာ ဇန်နဝါရီ ၂၉ ရက်တွင် သီတင်းပတ် လေးပတ်ရှိပြီဖြစ်သည်။ လာမည့်နှစ်ရက်ကျော်အတွင်း ဒေသအတွင်း၌ အပူချိန်မြင့်တက်နိုင်ကြောင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ခါနာဇာဝါနှင့် တိုယာမာမြို့တို့၌ အပူချိန် ၁၁ ဒီဂရီနှင့် ဝါဂျီမာမြို့တွင် ၁၀ ဒီဂရီအထိ မြင့်တက်နိုင်ကြောင်း ခန့်မှန်းထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ငလျင်လှုပ်ခဲ့သည့်ဒေသများ၌ ပူနွေးသည့်ရာသီဥတုမှာ နှင်းထုများပြိုကျနိုင်ခြင်းနှင့် နှင်းများအရည်ပျော်ကာ မြေပြင်သို့ ကျဆင်းနိုင်သည့်အတွက် မြေပြိုမှုဖြစ်ပေါ်နိုင်ကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**




တာချီလိတ် ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆမ်ဆိုင်း(က)ရပ်ကွက်ရှိ မိုဘိုင်း ဖုန်းဆိုင်တွင် တရားမဝင်လက်နက် ကိုင်ဆောင်သည့် အဖွဲ့တစ်ဖွဲ့ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ငါးဦးတို့ကို ပစ္စတို သေနတ် လေးလက်၊ ၎င်းကျည်အိမ် ခုနစ်ခု၊ ကျည် ၆၂ တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသား နှစ်ဦးမှာ ပီကျိုင်း (ခ) ပန်နဝစ်ပက်ထွန် (ခ) ကိုးကယ် (ခ) စိုင်းအောင်မိုင်းနှင့် နိုင်းအာနုချေချာဘာဂမ်း တို့ဖြစ်ပြီး ပီကျိုင်း သည် ထိုင်းနိုင်ငံ ပြစ်မှုဆိုင်ရာ တရားရုံးမှ ၂၀၂၂ ခုနှစ်တွင် မူးယစ်အမှုဖြင့် အလိုရှိ တရားခံပြေးဖြစ်သည့်အပြင် မြန်မာနိုင်ငံ တာချီလိတ်ခရိုင်တရားရုံးမှလည်း မူးယစ်အမှုဖြင့် အလိုရှိ တရားခံပြေး တစ်ဦးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ငါးဦးသည် ကျော်အေးထွန်း (ခ) ကျော်ထွန်းအေး၊ စံမိန်း၊ စိုင်းခမ်းလောင်၊ စိုင်းဆေခမ်းနှင့် ညီနပ်တို့ဖြစ်ပြီး ယင်းတို့အနက် ကျော်အေးထွန်း (ခ) ကျော်ထွန်းအေးသည် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း သိရသဖြင့်၎င်းတို့အားဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ (ယာပုံ) **သတင်းစဉ်**

# ရမ်းဗြဲမြို့ လူနေရပ်ကွက်များကို တပ်မတော်မှ ဓာတုအဆိပ်ငွေ့သုံး၍ တိုက်ခိုက်ခဲ့ကြောင်းနှင့် မြောက်ဦးမြို့ကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူအချို့သေဆုံးဒဏ်ရာရရှိခဲ့ပြီး နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ လူနေရပ်ကွက်များကို တပ်မတော်မှ ဓာတုအဆိပ်ငွေ့ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း မဟုတ်မမှန် သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။





တပ်မတော်အနေဖြင့် ရမ်းဗြဲမြို့အား ဝင်ရောက်တိုက်ခိုက်နေသည့် AA သောင်းကျန်းသူများအား ထိရောက်သော လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ AA သောင်းကျန်းသူများ အနေဖြင့် ထိခိုက်ကျဆုံးမှု များပြားလာပြီး ၎င်းတို့အဖွဲ့အတွင်း စိတ်ဓာတ်ပျက်ပြားကာ တိုက်လိုခိုက်လိုစိတ်မရှိကြတော့သဖြင့် တပ်မတော်မှ အဆိပ်ငွေ့ဗုံးများ အသုံးပြုသည်ဟု မဟုတ်မမှန် လုပ်ကြံ၍ ပြည်ဖျက်မီဒီယာများ အားကိုးကာ သတင်းမှားများ ထုတ်လွှင့်ခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်အနေဖြင့် အဆိပ်ငွေ့ဗုံးများအား မည်သည့် တိုက်ပွဲများတွင်မှ အသုံးပြုတိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း အကြိမ်ကြိမ် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

အလားတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို ဇန်နဝါရီ ၂၇ ရက်က တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူလေးဦး သေဆုံးခဲ့ပြီး ခုနစ်ဦး ဒဏ်ရာရရှိကာ နေအိမ် ၂၀ ကျော် မီးလောင် ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က AA သောင်းကျန်းသူများက မြောက်ဦးမြို့ကို Drone ဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လူနေအိမ်များပေါ်သို့ ဗုံးသီးများ ကျရောက် ပေါက်ကွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် AA သောင်းကျန်းသူများ၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန် သတင်းများဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်၊ ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်တို့အတွက် သတင်းမှားများကို လူမှုကွန်ရက်တွင် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ္တရာမြို့နယ်အတွင်း ကျေးရွာ နှစ်ရွာနှင့် ရေစကြိုမြို့ ကြူကျေးရွာအား တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း စစ်ကြောင်းထိုးနေသည့် တပ်မတော်က ဇန်နဝါရီ ၂၈ ရက် နံနက် ၆ နာရီခန့်တွင် သမင်ခြံကျေးရွာနှင့် သူဌေးကုန်းကျေးရွာ နှစ်ရွာကို မီးရှို့ဖျက်ဆီးပြီး ပြည်သူလေးဦးကို ဖမ်းဆီးထားသည်ဟု မဟုတ်မမှန် သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံများနှင့် သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သမင်ခြံကျေးရွာနှင့် သူဌေးကုန်း ကျေးရွာများ အတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ခိုအောင်းလှုပ်ရှားလျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်မှ နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက လူနေအိမ်အချို့ကို မီးရှို့ဖျက်ဆီး ထွက်ပြေးသွားသဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ဇန်နဝါရီ ၂၈ ရက်တွင် ရေစကြိုမြို့နယ် ကြူကျေးရွာကို တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အမှန်မှာ ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိအခြေပြု၍ လူသစ်စုဆောင်းခြင်း၊ အတင်းအဓမ္မ ငွေကြေးတောင်းခံခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံတစ်ဦးမှ သတင်းပေးပို့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများက ကြူကျေးရွာအား မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# မလေးရှားနိုင်ငံ၌ မြေပြိုသဖြင့် သေဆုံးခဲ့သော မြန်မာနိုင်ငံသားငါးဦးအနက် ပျောက်ဆုံးနေသူ သုံးဦး၏ အလောင်းကို ထပ်မံတွေ့ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၉**

မလေးရှားနိုင်ငံ၌ မြေပြိုသဖြင့် သေဆုံးခဲ့သော မြန်မာနိုင်ငံသား ငါးဦးအနက် ပျောက်ဆုံးနေသူ သုံးဦး၏ အလောင်းကို ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းက ထပ်မံတွေ့ရှိခဲ့ကြောင်း မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) ထံမှ သိရသည်။

မလေးရှားနိုင်ငံ Pahang ခရိုင် Cameron Highlands ဒေသရှိ စိုက်ခင်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသည့် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား ငါးဦးသည် ဇန်နဝါရီ ၂၅ ရက် ည ၈ နာရီဝန်းကျင်၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး နှစ်ဦး၏ အလောင်းကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရှိခဲ့သည်။

"ဒီငါးဦးရဲ့ အလောင်းကို ဇန်နဝါရီ ၂၅ ရက်မှာ မလေးရှား ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ဒေသခံလူတွေရဲ့ ကူညီမှုတွေနဲ့ ရှာဖွေတဲ့အခါမှာ နှစ်လောင်းကို တွေ့ရှိခဲ့ပါတယ်။ ဆက်လက်ရှာဖွေခဲ့ရာမှာတော့ ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းမှာ သုံးလောင်းထပ်တွေ့ပါတယ်။ သင်္ဂြိုဟ်ဖို့အတွက် DNA စစ်ချက်တွေယူပြီး နာရေးကိုတော့ Cameron Highlands မှာရှိတဲ့ ဆေးရုံကြီးမှာထားရှိကာ ဆေးစစ်ချက်မှာ အဖြေရပြီဆိုတာနဲ့ ငါးလောင်းစလုံးကို ခရစ်ယာန်ဘာသာဝင်တွေရဲ့ ထုံးစံအတိုင်း မြေမြှုပ်ပြီး သင်္ဂြိုဟ်ပါမယ်" ဟု မြန်မာလူမှုကူညီရေးအသင်း (မလေးရှား) တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံသား သောင်းနှင့်ချီ အလုပ်လုပ်နေသော အဆိုပါဒေသတွင် မြေပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

"ဒီဒေသမှာ အလုပ်လုပ်နေတဲ့သူတွေ အနေနဲ့ အလုပ်ပြီးတဲ့အခါမှာ နီးစပ်ရာ တောင်ခြေတွေမှာမနေဘဲနဲ့ ဘေးလွတ်တဲ့ နေရာတွေမှာနေရင် အသက်အန္တရာယ် ကင်းရှင်းနိုင်ပါတယ် " ဟု အဆိုပါ တာဝန်ရှိသူကရှင်းပြသည်။ **သစ်တော်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# သမ / ကျေးလက် ရင်သွေးငယ်များ၏ နေပြည်တော်လေ့လာရေးခရီးစဉ်

မြင့်စိုး(နတလ)

**သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများ**

"သားတို့သမီးတို့ ပျော်ကြရဲ့လား"

"ပျော်ပါတယ်"

"နောက်တစ်ခေါက်လာချင်သေးလား"

"လာချင်ပါတယ်"

ကျွန်တော်မေးသမျှကို အတိုင်အဖောက် ညီစွာ ပြန်လည်ဖြေကြားနေသည့် သူတို့လေးတွေ၏ အသံက စားရိပ်သာခန်းမအတွင်းမှာ ဟိန်းထွက်သွားသည်။ သူတို့လေးတွေဆိုသည်မှာ အခြားမဟုတ်ပါ။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း ငါးကျောင်းဖြစ်သော မကွေး၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် ပုသိမ်မြို့များတွင် ဖွင့်လှစ်ထားသည့် သင်တန်းကျောင်းများမှ ပထမနှစ် ကျောင်းသား ကျောင်းသူလေးများ ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၏ ညွှန်ကြားမှုဖြင့် သူတို့လေးတွေအတွက် နေပြည်တော်နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ် သုံးရက်ကို ရေးဆွဲစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး စာရင်းကိုင်ပညာဖြင့် သက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ သက်မွေးမှုပညာ သင်ယူတတ်မြောက်ပြီးသူများထဲမှ ထူးချွန်သူများကို သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်ရည်ရွယ်လျက် အဆိုပါသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ရှေးယခင်က အချို့သင်တန်းကျောင်းများသည် သမဝါယမကုန်သန်းရောင်းဝယ်ရေး သင်တန်းကျောင်းဟူ၍လည်းကောင်း၊ အချို့က သမဝါယမ သင်တန်းကျောင်းဟူ၍လည်းကောင်း အမည်အမျိုးမျိုးနှင့်ရှိနေရာမှ သင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကိုပါ မွမ်းမံပြင်ဆင်ပြီးလျှင် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်နေ့တွင် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများအဖြစ် ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ ပထမနှစ် သင်တန်းတွင် စာရင်းရေး စာရင်းကိုင် ဘာသာရပ် (Business Accounting)၊ Fundamentals of ICT ဘာသာရပ်၊ သမဝါယမပညာ ဘာသာရပ်များနှင့်အတူ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို သင်ကြားပေးခဲ့သည်။ ဒုတိယနှစ်တွင်မူ Cost Accounting၊ Financial Accounting၊ Computerized Accounting၊ Business Accounting၊ Business Organization and Management၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် ဘောဂဗေဒ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ ဒုတိယနှစ်တွင် ဘာသာစုံအောင်မှတ်ရရှိပြီး အထူးပြုဘာသာရပ်များ၌ ဂုဏ်ထူးမှတ်ရရှိသူများနှင့် သင်္ချာဘာသာရပ် ဂုဏ်ထူးရရှိသူများသည် သမဝါယမတက္ကသိုလ်၊ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရကြမည်။ ကျန်ကျောင်းသား ကျောင်းသူများသည်လည်း Certificate in Business Accounting လက်မှတ်ရရှိထားပြီးဖြစ်၍ သင့်တော်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်ကြမည်ဖြစ်သည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့ ရောက်ရှိလေ့လာစဉ်။

**❂ သူတို့လေးတွေသည် နေရပ်ဒေသအသီးသီးမှ နေပြည်တော်သို့ တိုက်ရိုက်ရောက်ရှိလာခြင်း မဟုတ်ပေ၊ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း မော်လမြိုင်နှင့် ပုသိမ်သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) သို့ လည်းကောင်း၊ မကွေး၊ မန္တလေးနှင့် တောင်ကြီးသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) သို့လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ တစ်ချိန်မှာ မိမိတို့ ပေါင်းကူးတက်ရောက်သင်ယူခွင့်ရကြမည့် တက္ကသိုလ်များ၏ သဘောသဘာဝ၊ သင်ကြားပို့ချပေးသော ဘာသာရပ်များအကြောင်း သိစေလို၍ဖြစ်သည်**



လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်မှ တာဝန်ရှိသူ တစ်ဦးက ရှင်းလင်းပြသစဉ်။


**လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်**

ကျောင်းသား ကျောင်းသူအချင်းချင်း ခင်မင်ရင်းနှီးမှုရရှိစေရန်၊ စာတွေ့လက်တွေ့ လုပ်ငန်းများအပြင် ဒေသန္တရဗဟုသုတများ ရရှိစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်၍ နေပြည်တော်နှင့်ပတ်ဝန်းကျင် နှစ်ညအိပ်သုံးရက် ခရီးစဉ်ကို ရေးဆွဲစီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီး၏ နေရာတိုင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ရင်းနှီးချစ်ကြည်စွာလက်တွဲ၍ ပြည်ထောင်စုကြီးအတွင်းက ပြည်ထောင်စုငယ်လေးများသဖွယ် ရင်းနှီးချစ်ကြည်စွာ နေထိုင်ခဲ့ကြသဖြင့် ယခုရောက်ရှိလာသည့် ကျောင်းသား ကျောင်းသူလေးများထဲမှာလည်း တိုင်းရင်းသားလူမျိုးပေါင်းစုံပါလာပါသည်။ သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

တစ်ခုပြောစရာရှိလာသည်က သူတို့လေးတွေသည် နေရပ်ဒေသအသီးသီးမှ နေပြည်တော်သို့ တိုက်ရိုက်ရောက်ရှိလာခြင်း မဟုတ်ပေ၊ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အတိုင်း မော်လမြိုင်နှင့် ပုသိမ်သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) သို့လည်းကောင်း၊ မကွေး၊ မန္တလေးနှင့် တောင်ကြီး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သမဝါယမနှင့်စီမံခန့်ခွဲမှု ပညာတက္ကသိုလ် (စစ်ကိုင်း) သို့လည်းကောင်း ပို့ဆောင်ပေးခဲ့သည်။ တစ်ချိန်မှာ မိမိတို့ ပေါင်းကူးတက်ရောက်သင်ယူခွင့်ရကြမည့် တက္ကသိုလ်များ၏ သဘောသဘာဝ၊ သင်ကြားပို့ချပေးသော ဘာသာရပ်များအကြောင်း သိစေလို၍ဖြစ်သည်။ သန်လျင်ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ စစ်ကိုင်းပါမောက္ခချုပ် ဒေါက်တာမို့မို့ရီတို့ ဦးဆောင်သော ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကလည်း လှိုက်လှဲနွေးထွေးစွာကြိုဆို၍ တက္ကသိုလ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ လိုက်လံပြသပေးခဲ့ကြသည်။ သူတို့ရင်ထဲမှာ တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခွင့်ရရှိအောင် ကြိုးစားချင်စိတ်တွေ ပေါ်ပေါက်လာစေရန်အတွက်လည်း ရည်ရွယ်ရင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် တက္ကသိုလ်အသီးသီးသို့ သွားရောက်လေ့လာခဲ့ကြသော လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၊ သင်တန်းကျောင်းအုပ်များ၊ သင်တန်းနည်းပြဆရာ ဆရာမများ စုစုပေါင်းအင်အား ၁၆၉ ဦးတို့သည် ယင်းနေ့ညဦးပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိလာကြရာ ၎င်းတို့ခေတ္တတည်းခိုနေထိုင်ကြမည့် အမှတ် (၃) တည်းခိုရေးနှင့် စစ်ကြောရေးစခန်း (ရွာတော်) ၌ ကျွန်တော်နှင့် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များက စောင့်ကြိုနှုတ်ဆက်ပြီး စနစ်တကျ နေရာချထားပေးခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*





သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့ဝင်များ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြစဉ်။

## တက္ကသိုလ်၊ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးစားကြရန်၊ ဒုတိယနှစ်ပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရောက်မည့် သူများအတွက်လည်း မိမိတို့ဝန်ကြီးဌာနက စီးပွားရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနက စားသောက်စရိတ်၊ တူညီဝတ်စုံ၊ စာရေးကိရိယာများနှင့် ခုတင်၊ အိပ်ရာ၊ ခြင်ထောင်ကအစ ထောက်ပံ့ပေးထားသဖြင့် စာကိုကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်လာအောင် ကြိုးစားကြရန် အလေးထားမှာကြားခဲ့သည်

*စာမျက်နှာ ၁၆ မှ*

### မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဦးခိုက်ဖူးမြော်

ဒီဇင်ဘာ ၁၁ ရက်နေ့ လေ့လာရေးခရီးစဉ်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဦးခိုက်ဖူးမြော်ခြင်းဖြင့် အစပြုခဲ့ပါသည်။ အဝေးကနေ သတင်းစကားတွေ ကြားသိရ၊ တီဗွီဖန်သားပြင်မှာပဲ ဖူးမြော်ခွင့်ရကြသဖြင့် သူတို့အားလုံး ကြည်နူးဝမ်းသာ ပီတိဖြာခဲ့ကြသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ တာဝန်ရှိသူများကလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနှင့် တည်ထားကိုးကွယ်ရခြင်း၏ သမိုင်းကြောင်းကို Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသား ရုပ်သံလိုင်း (NRC) ထုတ်လွှင့်နေမှုများ၊ စိန်ရတုပြတိုက်သို့ လေ့လာခြင်းနှင့် ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များကို လိုက်လံရှင်းလင်းပြသပြီးနောက် လေ့လာရေးအဖွဲ့များ၏ ရိုးရာအကများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိခဲ့ကြပြီး ပြတိုက်အတွင်း လေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်စစ်ဆင်ရေးမှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံး ပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ထို့ပြင် အမျိုးသားပြတိုက်ရှိ ရှေးဟောင်းရုပ်ကြွင်း၊ ပန်းချီ၊ မြို့ဟောင်းပုံစံငယ်များ၊ ပလ္လင်နှင့် နန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာများ၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးရေး အစီအစဉ်များကို သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ရေပန်းဥယျာဉ်သို့ သွားရောက်၍ အပန်းဖြေလေ့လာကြည့်ရှုခဲ့ကြသည်။

### အမှတ်ရမိသော အတိတ်ကာလ ဆယ်စုနှစ်များ

စင်စစ်သော်ကား ယခုကဲ့သို့ လေ့လာရေးခရီးစဉ်များကို ကျွန်တော့်ဘဝမှာ အများကြီး ကြုံတွေ့ခဲ့ပြီးဖြစ်သည်။ နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝန်ထမ်းဘဝ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းဘဝ၊ တိတိကျကျပြောရလျှင် နတလဝန်ထမ်းဘဝ တစ်လျှောက်လုံး ကြုံဆုံခဲ့ရခြင်းဖြစ်၏။ ကျွန်တော်မှတ်တမ်းပြုထားသလောက် ပြန်လည်တင်ပြရလျှင် နတလလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစ၍ ရန်ကုန်မဟာသင်္ကြန်ပွဲတော်သို့ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြားခေါ်ယူခဲ့ရာ ထားဝယ်နှင့် ဓနုတိုင်းရင်းသား တိုင်းရင်းသူများ ရောက်ရှိလာကြသည်။ ၁၉၉၄ တွင် ကရင်အဖွဲ့၊ ၁၉၉၅ တွင် ကိုးကန့်နှင့် “ဝ”၊ ၁၉၉၆ တွင် မွန်၊ နာဂ၊ ချင်း၊ ရခိုင်၊ ပလောင်၊ ပအိုဝ်း၊ ကယား၊ ၂၀၀၀ ပြည့်နှစ်တွင် ကယား၊ ကရင်၊ ကိုးကန့်၊ “ဝ” စသည်ဖြင့် မြန်မာပြည်တစ်နံတစ်လျားမှ ဖိတ်ကြားခေါ်ယူခဲ့ရာ ၂၀၀၁ ခုနှစ်တွင် ကိုးဖွဲ့၊ ၂၀၀၂ ခုနှစ်တွင် ၁၅ ဖွဲ့၊ ၂၀၀၃ ခုနှစ်တွင် ၁၉ ဖွဲ့၊ ၂၀၀၄ ခုနှစ်တွင် ဆယ်ဖွဲ့တို့ ရောက်ရှိလာကြသည်။

တိုင်းရင်းသားလေ့လာရေးအဖွဲ့များကိုမူ ၂၀၀၁ ခုနှစ်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်း၊ ကျိုင်းခမ်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ၁၀၄ ဦးဖြင့် အစပြု၍ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ ရေးဆွဲဆောင်ရွက်ခဲ့ကြရသည်။ ၂၀၀၁ ခုနှစ်တွင် မတူပီဒေသမှ ချင်းတိုင်းရင်းသားအဖွဲ့ ထပ်မံရောက်ရှိလာသည်။ ယင်းနောက် ၂၀၀၂ တွင် ငါးဖွဲ့၊ ၂၀၀၃ တွင် နှစ်ဖွဲ့၊ ၂၀၀၄ တွင် တစ်ဖွဲ့ စသည်ဖြင့် ဖိတ်ကြားခေါ်ယူခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်သို့ ခေါ်ယူခဲ့သော မြစ်ကြီးနား၊ ပူတာအိုဒေသမှ ဂျိမ်းဖောနှင့် ရဝမ်၊ ပလက်ဝ၊ ရှင်းလက်ဝဒေသမှ ချင်း၊ မက်မန်းဒေသမှ လွယ်လ၊ လားဟူ၊ ရှမ်း၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်ဒေသမှ ပအိုဝ်းတိုင်းရင်းသားအဖွဲ့အထိ စုစုပေါင်း ၂၆ ဖွဲ့နှင့် ကျွန်တော်ရေစက်ဆုံခဲ့ရသည်။

### နိုင်ငံတော်၏ ယဉ်ကျေးမှု သံတမန်များ

ထိုစဉ်ကာလက ရောက်ရှိလာကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ပတ်သက်၍လည်း ဆောင်းပါးများစွာ ရေးဖြစ်ခဲ့ပါသည်။ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာကြပြီး အပြန်အလှန် ဖလှယ်ခွင့်ရခဲ့ကြသလို ဒေသအသီးသီးသို့ ရောက်ရှိ ပျံ့နှံ့စေခဲ့သဖြင့် “နိုင်ငံတော်၏ ယဉ်ကျေးမှုသံတမန်များ” ဟူ၍ ဂုဏ်ပြုတင်စားခေါ်ဝေါ်ရေးသားခဲ့ဖူးသည်။ သူတို့ပြန်သွားလျှင် သင်္ကြန်ပုံရိပ်များက ရင်ထဲမှာထင်ကျန်ရစ်ပြီး လွမ်းမောတသနေရသောကြောင့်လည်း အလွမ်းသင်္ကြန် ပန်းသင်္ကြန်ဟူ၍လည်းကောင်း၊ နွေးထွေးသည့်တို့ အိမ်အပြန်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုသားတို့ သင်္ကြန်ဟူ၍လည်းကောင်း၊ ပြည်ထောင်စုရနံ့သင်းပျံ့နေသော သင်္ကြန်ဟူ၍လည်းကောင်း ခေါင်းစဉ်အမျိုးမျိုးနှင့် ဆောင်းပါးတွေ ထွက်လာခဲ့ဖူးသည်။ လေ့လာရေးခရီးစဉ်ဆောင်းပါးများလည်း ထိုနည်းနှင်နှင်ပင်။

### ပြည်ထောင်စုဝန်ကြီး၏ သြဝါဒခံယူ

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်နေ့ မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူလေးများနှင့် အုပ်ချုပ်သူ ဆရာ ဆရာမများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ရုံးအမှတ် (၁၆) စုပေါင်းခန်းမ၌ တွေ့ဆုံ၍ လက်ဖက်ရည်၊ မုန့်များဖြင့် တည်ခင်းဧည့်ခံကာ နှုတ်ဆက်အမှာစကားပြောကြားခဲ့သည်။ ယင်းသို့မှာကြားရာတွင် တက္ကသိုလ်၊ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးစားကြရန်၊ ဒုတိယနှစ်ပြီးဆုံး၍ လုပ်ငန်းခွင်ဝင်ရောက်မည့် သူများအတွက်လည်း မိမိတို့ဝန်ကြီးဌာနက စီးပွားရေးအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာနက စားသောက်စရိတ်၊ တူညီဝတ်စုံ၊ စာရေးကိရိယာများနှင့် ခုတင်၊ အိပ်ရာ၊ ခြင်ထောင်ကအစ ထောက်ပံ့ပေးထားသဖြင့် စာကိုကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်လာအောင် ကြိုးစားကြရန် အလေးထား မှာကြားခဲ့သည်။

### မှတ်တမ်း ALBUM များ ပေးအပ်

ဇန်နဝါရီ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြမည်၊ ပြီးလျှင် ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်သို့ သွားရောက်၍ ရတနာဆင်ဖြူတော်လေး ရဋ္ဌနန္ဒကနှင့် ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကာ အာဟာရဒါနများပြုကြမည်။ ယင်းနောက် လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူလေးများသည် မိမိတို့သင်တန်းကျောင်းများ တည်ရှိရာ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် ပုသိမ်မြို့များရှိရာသို့ မော်တော်ယာဉ်များဖြင့် အသီးသီးအသက ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။ ယင်းသို့ ပြန်လည်ထွက်ခွာခြင်းမပြုမီ နံနက် ၇ နာရီအချိန်တွင် လေ့လာရေးအဖွဲ့များရှိရာ ရွာတော်တည်းခိုရေးစခန်းသို့ သွားရောက်ပြီး လေ့လာရေးခရီးစဉ်တစ်လျှောက် ရိုက်ကူးထားသော မှတ်တမ်းဓာတ်ပုံ ALBUM များကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ရုံးဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးထားသော Address Book များကိုလည်းကောင်း ပေးအပ်ခဲ့ပါသည်။

### ကျေးဇူးအထူးတင်ရှိပါသည်

ဇန်နဝါရီ ၁၁ ရက်နေ့သည် ကရင်နှစ်သစ်ကူးနေ့ (ရုံးပိတ်ရက်) ဖြစ်သည်။ အခြေအနေအရ ထိုနေ့ကို လေ့လာရေးခရီးစဉ်ဆွဲထားမိသောအခါ တကူးတက စောင့်ကြို၍ရှင်းလင်း ပြသပေးကြပါသော သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများမှ တာဝန်ရှိသူများအား အလွန်အားနာစွာနှင့် ကျေးဇူးတင်ရပါသည်။ ထိုနည်းတူစွာပင် တည်းခိုနေထိုင်ခွင့်ပြုခဲ့ပါသော အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရွာတော်) ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော ကျန်းမာရေးဝန်ထမ်းများကိုလည်းကောင်း၊ MRTV နှင့် မြဝတီ ရိုက်ကူးရေးအဖွဲ့များကိုလည်းကောင်း ကျေးဇူးအထူးတင်ရပါသည်။ ရွာတော်တည်းခိုရေး၌ ကလေးများနှင့်အတူ နံနက်စာစားနေစဉ် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ရန်ကုန်မြို့ရှိ ဘုရင့်နောင်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှာ ဆရာကြီး ဘကျော်တို့ အကြပ်စစ်သည် ရဲမေများက ဝိုင်းဝန်းကူညီပေးကြပုံများကို သတိရ၍ ပြန်လည်ပြောပြမိသေးသည်။ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ပေါင်းများစွာ၊ လေ့လာရေးအဖွဲ့ပေါင်းများစွာနှင့် ထိတွေ့ရဖန်များလာသောအခါ ဘယ်တိုင်းရင်းသားအဖွဲ့က ဘယ်အစားအစာကို မကြိုက်ဘူး၊ ဘယ်ဟာကိုတော့ဖြင့် ကြိုက်တယ်ကအစ သူတို့ သိနေကြသည်။ မဟာသင်္ကြန်ပွဲတော်အတွက် လာရောက်သည့် အဖွဲ့များက ရက်ကြာကြာနေရသဖြင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တစ်ဦးနှင့်တစ်ဦး ပို၍ ရင်းနှီးခင်မင်ခဲ့ကြသည်။ ဆုံစည်းခွင့်ရသည့် အချိန်တိုကာလလေးအတွင်းမှာပင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကို အထောက်အကူဖြစ်စေခဲ့လျှင်… မည်သည့်လေ့လာရေးအဖွဲ့အတွက်မဆို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးရကျိုးနပ်ပါပြီ။ ။

# မော်လမြိုင်ကျွန်းမြို့နယ်၌ မီးပေါ့ဆမှုကြောင့် နေအိမ်သုံးလုံးမီးလောင်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၃) ရပ်ကွက် မဟာဗန္ဓုလ (၅) လမ်းတွင် ဇန်နဝါရီ ၂၈ ရက် ညနေ ၆ နာရီ ၅ မိနစ်ခန့်က အိမ်ပိုင်ရှင် ဦးထွန်းအောင်လင်း၏ နှစ်ထပ်နေအိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ပြီး ၎င်းနေအိမ်မှတစ်ဆင့် မြေရင်းဘက်ရှိ ဦးဘရှိန်နှင့် ခေါင်းရင်းဘက်ရှိ ဒေါ်စန်းမြင့် ပိုင်ဆိုင်သော နှစ်ထပ်နေအိမ်နှစ်လုံးကို မီးကူးစက်လောင်ခဲ့သည်။



အဆိုပါ မီးလောင်ရာသို့ မော်လမြိုင်ကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဇော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မီးပေါ့ဆမှုကြောင့် ဦးထွန်းအောင်လင်းအား မြို့နယ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း၊ လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)



မကွေးမြို့၌ မီးလောင်မှုမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဇန်နဝါရီ ၂၈ ရက်က မကွေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးသူ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် အသိပညာပေးခြင်းများ နှိုးဆော်ဆောင်ရွက်စဉ်။ အောင်ကို (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဇန်နဝါရီ ၂၉ ရက်က သပြေကုန်းရပ်ကွက်အတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ကျော်စိုးမိုး



ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်/ ကျေးရွာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇန်နဝါရီ ၂၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် အမှတ် (၁) ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

ဝေကြည်(ပြန်/ဆက်)

## မီးဘေးရှောင် မလောင်ခင်တား



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့ပေါ်ရပ်ကွက်များသို့ ဇန်နဝါရီ ၂၈ ရက်က မီးဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

အေမင်းရည်စော(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်က မြို့ပေါ် ခုနစ်ရပ်ကွက်တွင် မြို့နယ်မီးသတ်မော်တော်ယာဉ်ဖြင့် လိုက်လံအသိပညာပေးနှိုးဆော်စဉ်။ သိမ့်သိမ့်မိုး



ချောက်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဇန်နဝါရီ ၂၈ ရက်က မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဒုတိယဦးစီးမှူး ဦးဇင်မျိုးသန့်နှင့် သန္နေ၊ အရန်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များသို့ မီးဘေးအန္တရာယ်မဖြစ်စေရန် ပညာပေးခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ကျော်မိုး(ပြန်/ဆက်)


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - | မြင့်စိုး |
| **သတင်းထောက်မှူး** | - | ခင်ရတနာ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန်စာတည်း** | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်းသတင်းထောက်များ** | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံသတင်းထောက်** | - | တင်စိုး |
| **သုတေသန** | - | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၁၅ ကျပ် | ၂၅၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၅ ကျပ် | ၂၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၄၅ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၉၁ | ၁၆၆၁၇၀၀ |
| MTSH | ၂၈၀၀ | ၂၉၀၀ | ၈၂၆၅ | ၂၃၅၄၅၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၇၇၄ | ၁၁၆၄၂၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၅၀ | ၃၇၅၀၀၀ |
| EFR | ၁၉၀၀ | ၁၉၅၀ | ၇၉၅ | ၁၅၁၁၅၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁ | ၄၇၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၁၆၆ | ၂၉၀၅၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





[illegible]

## ၂၉-၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နာမည်/အမည် | အလှူငွေ (ကျပ်) | စဉ် | နာမည်/အမည် | အလှူငွေ (ကျပ်) | စဉ် | နာမည်/အမည် | အလှူငွေ (ကျပ်) |
|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၆၂)ဟုခေါ်တွင်သော (၈) ထပ်တိုက်အဆောက်အအုံမှ (၈)လွှာ၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၃ပေx၅၅ပေ)ရှိ လူနေတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်မေရီမြင့် ၁၂/ရကန(နိုင်)၀၀၇၆၂၈နှင့် ဒေါ်သီတာ ၁၂/ရကန(နိုင်)၁၂၉၇၂၉တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ၂၇-၁-၂၀၂၄ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းနှင့်တကွ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်ပြည့်ပြီးသည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေသဇင်
၁၃/ပတယ(နိုင်)၀၄၉၉၀၀
ဖုန်း-၀၉-၇၈၆၈၆၉၅၂၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်း၀(၉)လမ်း၊ မြေကွက်အမှတ်(၁၀၀၃)၊ မြေပေ အကျယ် ပေ(၄၀x၆၀)ရှိ မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်RC အဆောက်အအုံမှ ပဉ္စမထပ်(၅-လွှာ/ဘယ်)၊ အခန်းအကျယ်အဝန်း ပေ(၁၈x၅၄)၊ အမြင့်(၉)ပေရှိတိုက်ခန်းကို မိခင်ဒေါ်ညွှန့်ညွှန့်သန်း ၁၂/ဥကတ(နိုင်)၀၀၉၃၆၅က ဒေါ်သန်းညွှန့် ၁၂/ဥကတ(နိုင်)၁၅၉၉၇၂ထံသို့ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် ပေးကမ်းထားသောကြောင့် အထက်ပါတိုက်ခန်းကို ဒေါ်သန်းညွှန့်နှင့် ၎င်း၏သမီးဖြစ်သူ ဒေါ်ထက်ရတနာလင်း ၁၂/ဥကတ(နိုင်)၁၇၈၀၁၅တို့ကသာ ပိုင်ဆိုင်လက်ဝယ်ထားရှိသူများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ပတ်စ်ပို့ပျောက်

ဦးကျင့်ဝမ်၏ သမီး မတင်တင်မြင့် ၁၂/စခန(နိုင်)၀၂၉၀၁၇ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၅၁၅၉၈၆၉

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက် အမှတ်(၆၉၇)၊ ဦးပိုင်အမှတ် (၇-က) ခဲစင်းတောင်ဘက်ခြမ်း/၃၆လမ်း၊ ၇၂x၇၃ လမ်းကြားရှိဘိုးဘ မြေကွက်အမည်ပေါက်သူ ဒေါ်တင်အိန် ၉/မရမ(နိုင်)၀၂၆၆၄၁၊ ဦးအောင်ဇော်မိုး ၉/ပသက(နိုင်)၀၀၂၅၈၆၊ ဦးအောင်ကျော်မိုး ၉/ပသက(နိုင်)၀၀၂၅၈၇၊ ဒေါ်မူမူအောင် ၉/ခအဇ(နိုင်)၀၀၆၀၀၄၊ ဒေါ်သီရိအောင် ၉/ခအဇ(နိုင်)၀၃၉၅၉၀ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၅၂/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန္တာပြုံး ၅/အတန(နိုင်)၀၅၃၅၁၅ က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ဟေမမာလာတောင် ရပ်ကွက်၊ အကွက် အမှတ်(၆၆၀)၊ ဦးပိုင်အမှတ် (၉၇)/လမ်း၄၀၊ ၇၈x၇၉ လမ်းကြားရှိ ဦးဘအေး အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၁၄/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ခင်စန်း ၉/မရတ(နိုင်)၀၉၂၉၀၈၊ ဒေါ်ခင်လှ ၉/မရတ(နိုင်)၀၁၉၈၈၁၊ ဒေါ်ခင်လေးလွင် ၉/မရတ(နိုင်)၀၁၀၅၀၂၊ ဒေါ်ခင်မာလွင် ၉/မရတ(နိုင်)၀၁၀၅၀၃ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၀၂၄၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးညဏ်လင်းထွန်း ၈/ပခက(နိုင်)၂၈၉၁၉၂ က ဘိုးဘအမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်အမှတ် (ပ-၃၀၀၅၆)ကို အမည်ပေါက် ဦးသောင်းထိုက် (ဘ) ဦးကျော်စိန် ၁၂/ကမတ(နိုင်)၀၁၉၂၄၇မှ ဒေါ်ကြည်ကြည်သန်း(ဘ)ဦးပေါ်ကြွယ် ၉/မကန (နိုင်)၀၈၈၄၂၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၁၄၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးဟန်ရွှေ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သိမ့်သိမ့်ဖိုလ် (ဘ) ဦးဘိုနီ ၈/ပခက(နိုင်) ၁၉၇၅၃၂မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၉)၊ ဦးပိုင်အမှတ် (၄၉)၊ ၆၁x၆၂ကြား၊ အနော်ရထာနှင့်အောင်ဇေယျလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တကကဘိုကြီး(ISN-၈၂၉၂၄၆) ၉/ပသက(နိုင်)၀၁၀၀၁၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၃၈/၁၉၉၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်မောင်(WMDY-၃၃၃၀၆၂) ၉/မနမ(နိုင်)၀၂၇၉၇၃ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၅၃)၊ ဦးပိုင်အမှတ် (၅၂+၅၃)၊ ၅၂x၅၃ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးလွင် (ခ)ဟာဂျီဘိုလန်း ၉/မရတ(နိုင်)၁၀၆၂၂၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၃၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှသိန်းဝင်း(ခ)အာစီတီး ၁၃/ကလတ(နိုင်)၀၃၈၁၆၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၄၈၀)၊ ဧရိယာ ၀ ဒသမ ၀၉၀ဧကရှိ ဒေါ်လှလှမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးချစ်သန်း (ဘ) ဦးစံမြ ၈/တတက(နိုင်)၀၆၂၇၈၃မှ မြေငှားစာချုပ် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၀၈၁/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ခင်မိုးကျော် (ဘ) ဦးကျော်ကေ ၇/လပတ(နိုင်)၀၀၁၂၃၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့ ၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၃၇၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဦးအောင်စိုး ၉/ပမန(နိုင်)၁၄၃၀၂၈မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဆန်းလင်းနိုင် ၈/မဘန(နိုင်)၁၂၆၀၀၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

- (ဆ) ဒေသခံများအားဦးစားပေးစဉ်းစားမည်။ ဝေးလံဒေသများအတွက် အသက်သတ်မှတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။
- (ဇ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဝန်ထမ်းသစ်ဖြည့်တင်း ခန့်ထားမည့်ဒေသများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Website www.drdmyanmar.org နှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ဖော်ပြကြော်ငြာထားမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့်အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

- (က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း၊ (လွန်ခဲ့သော(၁)လအတွင်း) (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (င) ကျန်းမာကြောင်းဆေးထောက်ခံစာ(လွန်ခဲ့သော (၁)ပတ်အတွင်း)၊
- (စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော(၁)လခန့်အတွင်း)၊

၆။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)ရုံးအမှတ်(၃၆)(B)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်ကျေးလက်ရုံးများအတွက် သက်ဆိုင်ရာကျေးလက်ဦးစီးဌာနရုံးများသို့ ၂၉-၂-၂၀၂၄ ရက် နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်သို့ ၂၉-၂-၂၀၂၄ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။ (ကြိုတင်လျှောက်လွှာ(၁)စောင်ကို ရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက် မတိုင်မီတင်သွင်းရမည်။)

၈။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက်ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပြီး စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၁၈၆၀၉၊ ၀၆၇-၄၁၈၆၁၂နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဆရာမဒေါ်အေးချမ်းမိုး(ခ)ဒေါ်လေးလေးထူး ၁၂/ဗတထ(နိုင်)၀၁၀၄၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ၏ နာမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက်ဖြင့် အင်တာနက်လူမှုကွန်ရက်ပေါ်ရှိ (facebook,comment,like and share, viber, messenger, sms,group chat, TikTok, Telegram, Wechat)နှင့် အခြားသော social media များပေါ်တွင် ဂုဏ်သိက္ခာညှိုးနွမ်းစေသော စာသားများမမှန်မကန်ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများ ပြုလုပ်နေကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းမိသားစုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာတစ်ခုခုအပေါ် အသုံးပြု၍ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန်ဖြစ်စေ၊ ထိခိုက်နစ်နာစေသော ခြိမ်းခြောက်မှုများ ဆက်လက်ပြုလုပ်မည်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆရာမဒေါ်အေးချမ်းမိုး(ခ)ဒေါ်လေးလေးထူး၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်သူဇာလွင်(LL.B)(D.B.L)(D.I.P.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၁၈)**
**တိုက်(၃၇)ဒီ-၂၊ ဈေးပတ်လမ်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၇၄၁၄၁၈၊ ၀၉-၇၉၉၆၉၂၅၁၆**
(Email; htetthuzarlwin.lawyer@gmail.com)

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သာယာမြိုင်ကျေးရွာနေ (ဘ) ဦးသန်းထိုက်၏သား ကျွန်တော် မောင်ထက်အာကာကျော် ၉/တသန(နိုင်)၁၈၈၀၈၄ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MA-950496) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၂၂၈၁၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်မ ဒေါ်နန်းသူဇာနွယ် ၁၃/ကလတ(နိုင်)၀၃၅၂၀၈ ၏ မိခင် ဒေါ်ရီရီကျော်နှင့် ဒေါ်နန်းရီရီကျော်သည် အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၃၀)၊ ဦးပိုင်အမှတ် (၁၉)၊ ၅၁x၅၂ကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဘူဘင်ဒရာဒေဗီ ၅/တမန(နိုင်) ၀၃၃၀၇၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၂၄/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ထူး ၉/ပကခ(နိုင်)၁၀၅၁၈၉ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (၉၀၈-စ/၄၁၀)၊ ဦးပိုင်အမှတ် (၂၅)/ကျွဲဆည်ကန် (၆)လမ်း၊ ရန်-မန်းလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဌေးသန်း ၅/မရန(နိုင်)၀၃၁၃၆၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၃၄၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးမြင့် ၅/မရန(နိုင်)၀၁၉၄၁၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## မြန်မာတရုတ်-ပရဆေးဆိုင်
## (ယခင်မြန်မာနိုင်ငံတရုတ် တိုင်းရင်းသမားတော်များအဖွဲ့)
## အစုရှယ်ယာထည့်ဝင်ထားသူများသိသာရန်
## အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၅၄ တွင် ဖွင့်လှစ်ထားသော မြန်မာ-တရုတ်ပရဆေးဆိုင်တွင် အစုရှယ်ယာထည့်ဝင်ထားသော အစုရှယ်ယာရှင်များသည် မိမိတို့ အစုရှယ်ယာဝင်လက်မှတ်မူရင်းများနှင့်တကွ အမှုဆောင်အဖွဲ့ထံ (၁၅)ရက်နောက်ဆုံးထားပြီး လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**၆၅၄၊ မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်**
**(မြန်မာ-တရုတ်ပရဆေးဆိုင်၊ ရန်ကုန်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၉)၊ ဦးပိုင်အမှတ် (၈၉-င)ခဲစင်း၊ ၆၃x၆၄ကြား၊ ၁၄၁x၁၄၂လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်ဆွေဦး ၅/ဝလန(နိုင်)၁၁၅၈၈၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၂၈/၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မွေဖုရွယ် ၁၃/ကခန(နိုင်)၀၄၆၀၆၈ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(အ-၈)၊ ဦးပိုင်အမှတ် (၈၉-ခဲစင်း)၊ ၆၄.Bလမ်း၊ ၁၁၇x၁၁၈လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှမြင့် ၉/မနတ(နိုင်)၀၈၃၂၇၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၂၉/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလင်းထင်စန်း ၁၂/မဂဒ(နိုင်)၀၇၇၅၁၅ နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၃၀/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနုအောင် ၉/မတရ(နိုင်)၁၁၉၉၉၂ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(ဠ-၁၃)၊ ဦးပိုင်အမှတ် (၈၀)၊ ၇၃x၇၄ ကြား၊ ကျန်စစ်သားနှင့်ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးသန့် ၉/နထက(နိုင်)၀၉၃၆၄၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၅၄/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စိုးစိုးညွန့် ၈/မကန(နိုင်)၀၆၁၄၆၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/8823 To Yo Ta For Tuner ယာဉ်လက်ဝယ်ရှိသူ Moe Pyae Dhan Thar Construction Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/8375 Toyota Hilux Revo KUN 125L Double Cab (4x4)L ယာဉ်လက်ဝယ်ရှိသူ KANBAWZA Agro Industries Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စစ်ထူး ၁၂/ဥကတ(နိုင်)၂၁၉၅၆၄ ၏နိုင်ငံကူး လက်မှတ်အမှတ် 032928 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၇၄၀၂၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဝင်းမင်းစိုး ၈/နမန(နိုင်)၂၁၄၉၆၆ ၏ နိုင်ငံကူး လက်မှတ် အမှတ် MH 597153 စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၇၅၂၉၀၄

# ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးအောင်သန်း (ငြိမ်း) (လေ-၁၃၉၃)

## အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်းနေ ဒေါ်ခင်အေးမြင့်(ခ) ဒေါ်နီနီ၏ခင်ပွန်း၊ ဦးသီဟအောင်-(ဒေါ်မြစန္ဒာဝင်း)၊ ဦးအောင်ဖြိုးမြတ်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်ကောင်စီ)၊ ဒေါ်သင်ဇာအောင်တို့၏ဖခင် ဗိုလ်မှူးအောင်သန်း (ငြိမ်း) (လေ-၁၃၉၃) အသက်(၈၆)နှစ်သည် ၂၇-၁-၂၀၂၄ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်ကောင်စီမှဝန်ထမ်းများ**

# အထူးကျေးဇူးတင်ရှိခြင်း

## ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှ

### ရန်ကုန်သူနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း)

### မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌဟောင်း

### မြန်မာနိုင်ငံကြက်ခြေနီအသင်း-ဒု-ဥက္ကဋ္ဌဟောင်း

### အသက်(၇၅)နှစ်

ရှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နေ ပါမောက္ခဒေါက်တာ ဒေါ်နန်းထွမ်းလှသည် ၂၄-၁-၂၀၂၄ရက် နံနက် ၁၀:၅၀နာရီတွင် ရန်ကုန်မြို့ GRAND HANTHA INTERNATIONAL HOSPITAL ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသည်။

ကြီးကြီးဒေါ်နန်းထွမ်းလှ နာမကျန်းဖြစ်နေစဉ် ကုသပေးကြပါသော ဗဟိုရ်စည်ဆေးရုံနှင့် GRAND HANTHA INTERNATIONAL HOSPITAL မှ ခွဲစိတ်ဆရာဝန်ကြီး၊သမားတော်ဆရာဝန်ကြီးနှင့်သူနာပြုဆရာမကြီးများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ဆေးရုံမှ တာဝန်ရှိဝန်ထမ်းများ၊ သွေးလှူဒါန်းပေးပါသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိလူကြီးမင်းများနှင့် သွေးအလှူရှင်များ၊ ပြည်တွင်းပြည်ပမှ တပည့်သူနာပြုဆရာ၊ ဆရာမများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကြီးကြီးဒေါ်နန်းထွမ်းလှ၏ ဈာပနအခမ်းအနားသို့ လူကိုယ်တိုင်လာရောက်နှစ်သိမ့် အားပေးပြီးအလှူငွေများ၊ လှူဘွယ်ပစ္စည်းများ၊ လွမ်းသူပန်းခွေ၊ ပန်းခြင်းများပေးပို့ကြသူများနှင့် လိုက်ပါပို့ဆောင်ပေးကြသော သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ သူနာပြုညွှန်ကြားရေးမှူး၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ အထက်တန်းသူနာပြု၊ သူနာပြုများ၊ သူနာပြုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ အားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူ တူ၊ တူမများ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ် (၁၂၅)၊ မြေကွက်တည်နေရာအမှတ်(၁၂၅)၊ အေးရိပ်သာလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဧရိယာ(၀ဒသမ ၀၅၅)ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဦးမြအေး (ISN-543072) ၁၂/သဃက(နိုင်)၁၂၀၅၂၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးခိုင်သက်ဌေး ၁၀/ဘလန (နိုင်) ၀၉၇၅၃၆၊ ဒေါ်သန္တာနွယ် ၇/လပတ(နိုင်)၁၆၈၀၈၇တို့က အပြီးအပြတ်ဝယ်ယူ ရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ် တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးခိုင်သက်ဌေး၊ ဒေါ်သန္တာနွယ်တို့၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B,D.B.L,DI.L,D.I.P.L,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၃၇)၊ မဟာမြင့်မိုရ်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ ပထဝီဝင်အထူးပြုဖြင့် အောင်မြင်ခဲ့သော မချစ်သက်သက်မွန်၏ဖခင် ဦးကျော်ထွန်းနှင့် ဦးမောင်လွင် ၆/ဘပန(နိုင်)၀၀၆၉၆၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်ထွန်း(ခ) ဦးမောင်လွင်**

## မိဘအမည်မှန်

မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း GRADE-3 (2101)မှ မောင်အားမာန်ထက်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဘင်းကျင်နှင့် ဒေါ်ဌေးဌေးရီတို့ ဖြစ်ပါကြောင်း။

**ဦးဘင်းကျင်၊ ဒေါ်ဌေးဌေးရီ**

## အမည်ပြောင်း

ဦးစည်သူအောင်၏ သမီးများဖြစ်သော မြိတ်မြို့၊ မြင်းမိုရ် ကိုယ်ပိုင် အထက်တန်းကျောင်းGRADE-8(3102)မှ မသဒ္ဒါရှင်းသန့် (ခ)မကူးကူးအား မရှင်းအိန္ဒြာကျော်ဟုလည်းကောင်း၊ GRADE-7(3104)မှ မချမ်းချမ်းအား မဆုထက်ကြယ်စင်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မရှင်းအိန္ဒြာကျော်၊ မဆုထက်ကြယ်စင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/4827 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ

### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)

### တွံတေးခရိုင်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃

### ကွယ်လွန်သူ ဦးတက်ထွန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ရင်လှ(ခ)ဒေါ်ချစ်ချစ် လျှောက်ထားသူ

အမှတ်-၃၉/ခဗိုလ်တေဇလမ်း၊ အံ့ကြီး/အရှေ့ရပ်ကွက်၊ ဒလမြို့နယ်နေ ဒေါ်ရင်လှ(ခ)ဒေါ်ချစ်ချစ်က ကွယ်လွန်သူ ဦးတက်ထွန်း၏ အစ်မဖြစ်သည်ဟူ၍ အမှတ်- ၃၉/ခ၊ ဗိုလ်တေဇလမ်း၊ အံ့ကြီး/အရှေ့ရပ်ကွက်၊ ဒလမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးတက်ထွန်း ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည် ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးတက်ထွန်း ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (၁၃၈၅ ခုနှစ်၊ပြာသိုလပြည့်ကျော် ၁၄ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ရင်လှ(ခ)ဒေါ်ချစ်ချစ်၏လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအိခိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**တွံတေးခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၉၆၀၁, HONDA SCOOPY i-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မီမီနှောင်း ၆/ကစန(နိုင်)၁၅၈၆၁၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ဟ/၂၆၁၂,BAJAJ MAXIMA-Z 250,THREE WHEEL ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မောင်လတ် ၆/လလန(နိုင်)၀၈၉၈၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၃၈၀)၊ ရတနာပုံလမ်း၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးညွန့်မောင် အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင် ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်သီတာဝင်း ၁၂/ဥကမ(နိုင်) ၁၇၀၈၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေး ချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/U-၁၀)၊ မြေကွက်အမှတ်(၃၇၂)၊ မြေဧရိယာ (၀ဒသမ၁၂၃)ဧက၊ (အလျား ၈၀ ပေx အနံ ၆၇ပေ) အကျယ်အဝန်း ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား(ယခုအခေါ်အမှတ် ၃၇၂၊ ကျန်းမာရေးလမ်းနှင့် မဟာဂန္ဓာရုံလမ်းထောင့်၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့်) မြေချည်းသက်သက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက် လက်ရှိထား ပိုင်ဆိုင်ထားသူ ဦးအောင်သန်း(ဘ)ဦးခိုင်ထွန်း (H/RGN ၀၁၈၉၉၀၊ ၁၂/လမတ(နိုင်)၀၂၀၅၁၉)ထံမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** | **အမှတ်-၁၂၂၊ ၂လမ်း၊ အရှေ့ကြို့ကုန်း၊** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃၊** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊** |
| | **၀၉-၂၅၄၄၈၈၃၃၀** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် သ-၈၊ ဦးပိုင်အမှတ်(၃၆)၊ ၆၅x၆၇လမ်း၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းဌေး၏ (SP ရရှိသူ ဦးဝဏ္ဏထွန်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၉၁၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချမ်းမြအေး ၉/အမဇ(နိုင်) ၀၀၉၂၉၄က အမှုတွဲအမှတ် ၆၈၄၄/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/25645, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ဘဘ-၇၊ ဦးပိုင် အမှတ်၁-က(ခဲစင်း)၊ ၄၇x၄၈လမ်း ကြား၊၁၁၃x၁၁၄ကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)က အမှုတွဲ အမှတ် ၆၈၇၅/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ဦးပိုင်အမှတ် ၁-က(ခဲစင်း)၊ ၄၇x၄၈လမ်းကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ (SPရရှိသူ ဦးအောင်ကျော်စိုး) က အမှုတွဲအမှတ် ၆၈၇၆/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀-၈၊ဦးပိုင်အမှတ်(၇၁)၊ ၆၇စီလမ်း၊ ၁၁၄x၁၁၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဟော်ရွှင်ရှန်း၏(GPရရှိ သူ ဦးဇော်မျိုးအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်စိုး ၅/ဝလန(နိုင်)၀၁၃၉၁၇က အမှုတွဲအမှတ် ၆၈၇၂/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ်၁-က(ခဲစင်း)၊ ၄၇x၄၈လမ်းကြား၊ ၁၁၃x၁၁၄လမ် ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်) ၀၂၃၀၃၉၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)က အမှုတွဲအမှတ် ၆၈၇၇/၂၀၂၃-၂၀၂၄ဖြင့်ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ဦးပိုင်အမှတ် ၁-က(ခဲစင်း)၊ ၄၇x၄၈လမ်း ကြား၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏(SPရရှိ သူ ဦးအောင်ကျော်စိုး)က အမှုတွဲအမှတ် ၆၈၇၈/၂၀၂၃-၂၀၂၄ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၃၊ ဦးပိုင်အမှတ်(၆)၊ ၇၁လမ်း၊ ၁၁၇x၁၁၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းကျော်ရွှေ၏ (SPရရှိသူ မန်နေဂျာ(အမရပူရရိုးမဘဏ်ခွဲ) ကိုယ်စား ဒေါ်တင်နီလာမောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၅၁/ ၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းထွန်းလွင် ၅/ဒပယ(နိုင်) ၀၀၀၉၈၈၊ ဒေါ်ရှိန်းသော်တာဦး ၉/မနမ(နိုင်) ၁၀၈၈၅၆တို့က အမှုတွဲအမှတ် ၆၈၇၁/၂၀၂၃-၂၀၂၄ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အ တွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ငြိမ်းငြိမ်း
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊တိုက်အမှတ်(၄၅၈)၊အခန်းအမှတ်(၅၀၂/B)၊ ကမ်းနားလမ်းနေ (ဦးအောင်ညွန့် - ဒေါ်စောရင်) တို့၏သမီး၊ (ဦးမောင်မောင်)၏ဇနီး၊(ဒေါ်မေမေတင်)၊ဦးတင်မောင်မောင်-ဒေါ်မြင့်မြင့်ထွန်း၊ဦးစိန်မြင့်- ဒေါ်မေမေခင်၊ဦးတင်မောင်သန်း-ဒေါ်တင်မမ၊ ဦးခင်မောင်မောင်-ဒေါ်ညိုလေးသိန်း၊ ဦးထွန်းဦး-ဒေါ်ခင်မမ၊ ဦးဇော်မောင်မောင်-ဒေါ်သန္တာ၊(ဦးကျော်မောင်မောင်)၊ ဦးဇင်မောင်မောင်-ဒေါ်အေးသိန်း တို့၏မိခင်၊ မြေး ၁၃ယောက် တို့၏အဘွား၊ မြစ်လေးယောက် တို့၏ဘွားဘွားကြီး ဒေါ်ခင်ငြိမ်းငြိမ်းသည် ၂၈-၁-၂၀၂၄ရက် ည ၇:၁၇နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၄ရက်၊ ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကျွေ(ညောင်တုန်း)
### အသက်(၉၃)နှစ်

သူငယ်ချင်း Dr.ခင်မောင်သန်း-(ဒေါ်တင်ယုဝေ)တို့၏ ချစ်မိခင်ကြီး ဒေါ်တင်ကျွေ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Dr.ဖေသန်း၊ Dr.တင်ထွန်းအောင်၊ Dr.မင်းနိုင်၊ Dr.ဝင်းမြင့်၊ သချာသန်းနိုင်၊ ဦးဝင်းမြင့်(သုံးဆယ်)၊ ဇော်လင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ကျွေ(ညောင်တုန်း)
### အသက်(၉၃)နှစ်

သူငယ်ချင်း Dr. ခင်မောင်သန်း-(ဒေါ်တင်ယုဝေ) တို့၏ ချစ်မိခင်ကြီး ဒေါ်တင်ကျွေကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**1970 ဆေးတက္ကသိုလ် (၂)၊ မင်္ဂလာဒုံ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထင်ကျော်(ညွှန်ကြားရေးမှူးရုံး)
### ပြည်နယ်ဦးစီးမှူး
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၁)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူး ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၅-၁-၂၀၂၄ ရက်(ကြာသပတေးနေ့) ည ၁၁နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ခရိုင်ရုံး(လွိုင်လင်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်စီ၊ ဦးပိုင်အမှတ်(၃၄)/ ၆၆x၆၇ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့် ၃/မဝတ(နိုင်)၀၀၄၄၅၁၊ ဒေါ်ဝင်းဝင်းရွှေ ၉/မရတ(နိုင်)၀၀၉၅၄၇ WMDY-၃၇၇၇၀၇ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၉၁၂/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေရီထွယ်ဆန် ၁၃/မဆတ(နိုင်) ၀၅၉၇၁၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၇၉)၊ ဂရုဏာ(၁)လမ်း၊ အကျယ်အဝန်း (၄၀ x ၆၀) ပေ ရှိ ဒေါ်စောလှ အမည်ပေါက် ပါမစ်မြေကွက်အနက်မှ (၂၀x၆၀)ပေရှိ (မြေကွက်အမှတ် ၇၇ နှင့် ကပ်လျှပ်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးထွန်းထွန်းဝင်း ၁၂/ ဒဂတ(နိုင်) ၀၂၇၆၈၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B,LL.M)အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်း
### အသက်(၇၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ ဦးတင်မြ ၏ဇနီး၊ ဦးအောင်သန်းလွင်၊ ဒေါ်ဖြူဖြူအေး၊ ဦးကျော်နိုင်ထွန်း၊ဒေါ်နီနီအေး၊ ဦးမြမင်းလွင်၊ ဒေါ်အေးငြိမ်းကျင်၊ မဖြိုးသီတာအောင်၊ WISDOM HILL Education Centre တည်ထောင်သူ ဆရာကြီး ဦးပညာနှင့်ဆရာမကြီး ဒေါ်ခိုင်သဇင် တို့၏မွေးသမိခင်၊ မြေး-မမြတ်ဝေအောင်၊ မစန္ဒာထွန်း၊ မောင်အောင်ကျော်ကျော်၊ မောင်မင်းအောင်ကျော်၊ မောင်ဘုန်းခန့်သွေး၊ မရွှေရတီငြိမ်း၊ မသုနန္ဒီ၊ မောင်ရဲရင့်သွေး၊ မပံသုဒြာ၊ မရှင်းသန့်လင်း တို့၏ချစ်လှစွာသော ကျေးဇူးရှင်အဘွားသည်၂၈-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းမွန်သော ဘုံဘဝတွင် အေးချမ်းစွာရှိပါစေ.....**
**WISDOM HILL Private High School မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အုန်း
### အသက်(၇၄)နှစ်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ ဦးတင်မြ ၏ဇနီး၊ ဦးအောင်သန်းလွင်၊ ဒေါ်ဖြူဖြူအေး၊ ဦးကျော်နိုင်ထွန်း၊ ဒေါ်နီနီအေး၊ ဦးမြမင်းလွင်၊ ဒေါ်အေးငြိမ်းကျင်၊ မဖြိုးသီတာအောင်၊ WISDOM HILL Education Centre တည်ထောင်သူ ဆရာကြီး ဦးပညာနှင့်ဆရာမကြီး ဒေါ်ခိုင်သဇင်တို့၏ မွေးသမိခင်၊ မြေး-မမြတ်ဝေအောင်၊ မစန္ဒာထွန်း၊ မောင်အောင်ကျော်ကျော်၊ မောင်မင်းအောင်ကျော်၊ မောင်ဘုန်းခန့်သွေး၊ မရွှေရတီငြိမ်း၊ မသုနန္ဒီ၊ မောင်ရဲရင့်သွေး၊ မပံသုဒြာ၊ မရှင်းသန့်လင်း တို့၏ချစ်လှစွာသော ကျေးဇူးရှင်အဘွားသည်၂၈-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းမွန်သော ဘုံဘဝတွင် အေးချမ်းစွာရှိပါစေ.....**
**ALPHA Private High School မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ဒေါ်နုနုယဉ်
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)
### စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊
### ရန်ကုန်စီးပွားရေးတက္ကသိုလ်
### အသက်(၇၅)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၏ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာ ဒေါ်နုနုယဉ်သည် ၂၉-၁-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၆:၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**MBA 13th Batch မှတပည့်များ**
**(ပတ္တမြားဆောင်/2007-2009)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထင်ကျော်
### ပြည်နယ်ဦးစီးမှူး
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၁)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး) မှ ပြည်နယ်ဦးစီးမှူး ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၅-၁-၂၀၂၄ ရက်(ကြာသပတေးနေ့) ည ၁၁နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တွဲဖက်ပြည်နယ်ဦးစီးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရှမ်းပြည်နယ်(မြောက်ပိုင်း)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထင်ကျော်(ညွှန်ကြားရေးမှူးရုံး)
### ပြည်နယ်ဦးစီးမှူး
### ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### အသက်(၆၁)နှစ်

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရှမ်းပြည်နယ်ရုံး(တောင်ကြီး)မှ ပြည်နယ်ဦးစီးမှူး ဦးထင်ကျော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၅-၁-၂၀၂၄ရက် (ကြာသပတေးနေ့) ည ၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ရုံးခွဲဦးစီးမှူးနှင့် ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၁)၊ ဦးပိုင်အမှတ်(၆၁)၊ အရှေ့ခြမ်း+အနောက်ခြမ်း/၁၃၃x၆၆.Aလမ်းရှိ တောဂရန်မြေကွက်အမည်ပေါက်သူဦးသန်းမြင့် L/RGN-၀၈၈၅၆၂၊ ၉/အမရ(နိုင်)၁၅၇၂၂၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၀၃/၂၀၀၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖိုးကျော် ၉/တတဥ(နိုင်)၀၃၈၄၇၄က တောဂရန်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့်
### (ဒေါ်ကျင်သောင်း စောင်ဆိုင်၊လမ်းမတော်)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၅၁၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်နေ(ဒေါ်ကျင်သောင်း)၏ချစ်လှစွာသောခင်ပွန်း၊ဦးစံထွန်း-(ဒေါ်မြင့်မြင့်သန်း)၊ဦးထိန်လင်းအောင်-ဒေါ်သဇင်ထွန်း၊ ဦးမင်းနိုင်-ဒေါ်နှင်းဆီ၊ ဦးချို့ဝင်း-ဒေါ်မြင့်မြင့်အေး၊ ဦးသာခင်-ဒေါ်မြင့်မြင့်မော်၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်နွယ်၊ ဦးညီညီမင်းနိုင်-ဒေါ်သက်နှင်းအိတို့၏ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးဦးအောင်မြင့် သည် ၂၈-၁-၂၀၂၄ရက် နံနက် ၀၀:၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၄ရက်၊ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့၊ အမှတ် ၁၃၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်အုံးမြင့်(B.A)/(B.Ed)
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၁)၊ ဘိုကလေးမြို့
### အသက်(၈၂)နှစ်

ဘိုကလေးမြို့နယ်၊ ဓနုံးဆိပ်ကျေးရွာနေ (ဦးဘိုးရန်-ဒေါ်ဖွားမေ)တို့၏သမီးထွေး၊ (ဦးသီ-ဒေါ်အေးရီ) တို့၏သမီးချွေးမ၊ ဘိုကလေးမြို့နေ (ဦးမြင့် သောင်း)၏ဇနီး၊ (ဦးညို)၊ (ဒေါ်ကြည်)၊ (ဦးကြင်)၊ (ဦးသိန်း)၊ (ဒေါ်စိန်ခင်)၊ (ဦးငြိမ်း)၊ (ဒေါ်ခင်တင့်)၊ (ဦးခင်အောင်)၊ (ဒေါ်ငွေမြင့်)၊ (ဒေါ်လှရီ)၊ (ဒေါ်တင်စိုး)၊ (ဦးတင်ဖေ)၊ (ဒေါ်အောင်ကြည်)၊ (ဦးဘဆောင်)၊ (ဒေါ်ကြီးမြင့်)၊ (ဦးကံညွန့်)၊ ဒေါ်ခင်နွဲ့ တို့၏ ညီမထွေး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ (အမှတ် ၁၀၇-A)မြေညီထပ်နေ ဦးအောင်မျိုးကို (Global World Insurance Comany Ltd)-ဒေါ် ခင်နိုင်ဦး၊ ကလေးမြို့နေ ဦးကျော်စွာမြင့်(လ/ထညွှန်မှူး၊ ဆည်/ရေဦးစီးဌာန)-ဒေါ်အေးအေးမင်း တို့၏မွေးသမိခင်၊ မခင်ရှင်းသန့်ကိုကို(2nd year, IT YTU)၏ ချစ်လှစွာသော အဘွား ဒေါ်အုံးမြင့် အသက်(၈၂)နှစ်သည် ၂၈-၁-၂၀၂၄ရက်(တနင်္ဂနွေနေ့) ည ၁၀:၁၅နာရီတွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံကြီး၌ (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၂၄ရက်(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာနုနုယဉ်(ခ)မတောက်
### B.Com(A.A), M.Com, PhD(Japan)
### ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘကြည်-ဒေါ်ငွေရင်)တို့၏သမီး၊ (ဦးဘသန်း-ဒေါ်စောကြင်) တို့၏သမီးချွေးမ၊ ဦးတင်ဝင်း ၏ချစ်လှစွာသောဇနီး၊ ဦးမိုးသူရ-ဒေါ်မြတ်မြတ်မွန်၊ ဦးဖြိုးသီဟ-ဒေါ်အေးအိအိခိုင် တို့၏ချစ်လှစွာသောမိခင်၊ မြေး သုံးယောက်တို့၏ ချစ်လှစွာသော ဘွားဘွား ဒေါက်တာနုနုယဉ်(ခ)မတောက်သည် ၂၉-၁-၂၀၂၄ရက် နံနက် ၆:၅၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၁-၁-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးကိုကိုကြီး(ခ)ရိုမီ
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးလှထွန်း-နော်စောရင်မြတ်)တို့၏သားထွေး၊ တောင်ငူမြို့နေ (သစ်ခေါင်းစောချာလီ-နော်ဖေါဇယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အတွင်းပဒံကျေးရွာအုပ်စု၊ ရွှေကမ်းသာယာ အိမ်ရာ(3/36A)နေ (နော်အေးနု(ခ)နော်ဒေးလီယာ)၏ ချစ်လှစွာသောခင်ပွန်း၊ နော်ခင်မိုးဆွေ-ဦးအောင်မျိုးထူး၊ စောမင်းမင်းဦး၊ နော်ဝင်းဝင်းထွေး-စောရော်နယ်ဒင်တို့၏ ဖခင်၊ မြေးနှစ်ယောက်၏အဘိုး ဦးကိုကိုကြီး(ခ)ရိုမီသည် ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အတွင်းပဒံကျေးရွာအုပ်စု၊ ရွှေကမ်းသာယာအိမ်ရာ (3/36A)တွင် ၂၂-၁-၂၀၂၄ရက် ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁-၂၀၂၄ရက် မွန်းလွဲ ၁ နာရီတွင် ဦးကိုကိုကြီး(ခ)ရိုမီ၏ နောက်ဆုံးဆန္ဒအရ အထက်ပါနေအိမ်၌ ခရစ်ယာန်ထုံးတမ်းစဉ်လာအတိုင်း ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ညိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ စဥ့်ဟယ်ရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၅၂)နေ ကျွန်တော် ဦးယာထွန်း ကျွန်မ ဒေါ်အီအုံတို့၏သားဖြစ်သူ မောင်ထွန်းထွန်းအေး ၁၃/ တကန(နိုင်)၁၇၅၉၆၆ သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **ဦးယာထွန်း-ဒေါ်အီအုံ**

## ပျောက်ဆုံးကြောင်း

ဦးဇော်မျိုးလင်း၏ သားဘုန်းခန့်မျိုးသူ ၁၂/ဥကမ(နိုင်)၂၆၄၇၃၆၏ သင်္ဘောသား CDC No- 120583 All in one စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဖုန်း-၀၉-၆၇၁၈၇၆၉၃၅**

❖ **စိုက်ပျိုးမြေများကို ကေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးမှ အမှာစကား ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





## စစ်ကိုင်းမှ မန္တလေးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ရထားသံလမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းမြို့မှ မန္တလေးမြို့ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ် 8D/7664 နှင့် 4f/4178 ကုန်တင်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် မြန်မာ့မီးရထား၊ ဌာနပိုင် ရထားသံလမ်းနှင့် သံလမ်းထိန်းကလစ်များအား လုံခြုံရေးပူးပေါင်းအဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် ရတနာပုံ တံတားအဆင်း အမရပူရမြို့နယ်အတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် ဌာနပိုင်ပစ္စည်းများမှာ ၇၅ ပေါင် ရထားသံလမ်းအရှည်အတို ဆိုဒ်မျိုးစုံ ၁၇၁ ချောင်း၊ စုစုပေါင်း အရှည် ၅၂၄ ပေနှင့် ရထားသံလမ်းထိန်းကလစ် ၃၆၀၀ ဖြစ်ပြီး ကာလတန်ဖိုးကျပ် ၁၁ သိန်းခန့်ဖြစ်သည်။ ဖမ်းဆီးရမိတရားခံ သုံးဦးအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အင်ဒိုနီးရှားကလပ်များနှင့် ခြေစမ်းကစားရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ကစားသမား ၁၉ ဦး ရွေးချယ်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အင်ဒိုနီးရှားကလပ်အသင်းများနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး အင်ဒိုနီးရှားခြေစမ်းခရီးစဉ်အတွက် ကစားသမား ၁၉ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဇန်နဝါရီ ၂၁ ရက်မှစ၍ ပဏာမကစားသမား ၂၄ ဦးဖြင့် တစ်ပတ်လေ့ကျင့်ပြီးနောက် ဇန်နဝါရီ ၂၉ ရက်တွင် ကစားသမား ငါးဦး လျှော့ချခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ❖



## နယူးပို့သ်ကို ဂိုးပြတ်အနိုင်ယူကာ အက်ဖ်အေဖလားပြိုင်ပွဲ နောက်တစ်ဆင့် မန်ယူအသင်း တက်လှမ်း

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ နယူးပို့သ်နှင့် မန်ယူအသင်းပွဲစဉ်တွင် မန်ယူအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ အဆိုပါ ပွဲစဉ်ကို ဇန်နဝါရီ ၂၈ ရက် ည ၁၁ နာရီတွင် နယူးပို့သ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ○



ယနေ့ သတင်းအညွှန်း

**နေပြည်တော်အတွင်း ခရီးသွားများလည်ပတ်ရာ ခရီးစဉ် ၃၈ နေရာ ဖော်ထုတ်ပြီး လာရောက်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

ပြည်တွင်းသတင်း စာ ၅

**အေဒင်ပင်လယ်ကွေ့၌ အမေရိကန်စစ်သင်္ဘောကို ယီမင်ရှိ ဟူသီအုပ်စု တိုက်ခိုက်**

နိုင်ငံတကာသတင်း စာ ၁၃

